မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၈၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် အာဆီယံအဖွဲ့၏ (၄၅)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်

နိုင်ငံတော် သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားနှင့် အာဆီယံအဖွဲ့၏ (၄၅)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၃ ရက် နံနက် ၉ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Nuon Srey Hall ၌ ကျင်းပသည့် အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် အာဆီယံအဖွဲ့၏ (၄၅)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ် ဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊

စာမျက်နှာ ၅ ကော်လံ ၅ ●

အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် အာဆီယံအဖွဲ့၏ (၄၅)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ **Peace Palace** တတိယထပ် **Nuon Srey Hall** ၌ ကျင်းပစဉ်။ (သတင်းစဉ်)

5-4 (01).pmd 1 4/5/2012, 3:36 AM

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဧပြီ ၂ ရက် ည ၇ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace ပထမထပ် Rumduol Room ၌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက်သည်။

တက်ရောက်

အဆိုပါ ညစာစားပွဲသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အတူ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဝန်ကြီးများအား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာ နှုတ်ဆက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီး၊ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဝန်ကြီးများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ဇနီးနှင့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဝန်ကြီးများသည် ဆုတောင်းပတ္ထနာပြုကြပြီး ညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်စဉ် ကမ္ဘောဒီးယားယဉ်ကျေးမှုအဖွဲ့က အဆိုအကများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

ညစာစားပွဲသို့ တက်ရောက်လာသည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်ဇနီး၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ ညစာစားပွဲတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

MRTV-4

၅-၄-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + ဓဇဂ္ဂသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ **ရွှေအိုးမြုပ်နှံကြခြင်း** တရားတော် [အရှင်ဘဒ္ဒန္တအင်္ဂီသ (ပါဠိကာရီဆရာတော်)]
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၄၂)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှိန်ရာ** (အပိုင်း-၁၁၉)
- ၈:၅၀ The Shop Around The Corner (Part-58)
- ၈:၅၅ **နှစ်သစ်အကြို မြန်မာပြည်သိန်းတန် Live Show(Part-10)**
- ၁၀:၀၅ EC ပညာ့ရိပ်သာ (၁၄)နှစ်ပြည့် အခမ်းအနားနှင့် ဆုနှင်းသဘင်
- ၁၀:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ**(အပိုင်း-၂)
- ၁၂:၀၀ ရန်ကုန်မြင်ကွင်းကျယ် (To To DEALAR APPRECIATION AWARD 2011)
- ၁၂:၃၀ အထက(၁)တာမွေ (၁၉၄၅-၁၉၇၀) ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
- ၆:၀၀ MRTV-4 သတင်း
- ၆:၁၅ Vox Pop(ပြည်သူများရဲ့ သကြင်္န်ရင်ခုန်သံများ)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၄၃)
- ၇:၃၀ MRTV-4 မြန်မာ့ရိုးရာသင်္ကြန်
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Style ရှိမှ Star ဖြစ်မယ်
- ၉:၂၀ The Shop Around The Corner (Part-59)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှိန်ရာ** (အပိုင်း-၁၂၀)
- ၁၀:၂၀ အနုပညာမိုးကောင်းကင်
- ၁၀:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ**(အပိုင်း-၃)
- ၁၂:၃၅ **ပိုင်-မောင်း-ရောင်းဘသောင်း** နေရှိုင်း၊ ကျော်ဇေယျ၊ ဆုရွှန်းလဲ့ (ဒါရိုက်တာ-မျိုးဇော်အောင်)
- ၂:၁၀ မြန်မာ့လက်မှု ယွန်းအနုပညာ
- ၄:၂၅ တရားဓမ္မများ အားထုတ်ရာ ဓမ္မဒူတဓာတော်ရသာသနာ့ရိပ်သာ

မဟာသင်္ကြန်ရက်များအတွင်း သီလပေးတရားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၄

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ မဟာသင်္ကြန်ရက်များတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သီလပေးတရားပွဲများကို ဧပြီ ၁၃ ရက်မှ ၁၇ ရက် အထိ ငါးရက်တိုင်တိုင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ်ဆရာတော်၊ ဒုတိယပါမောက္ခချုပ် ဆရာတော်နှင့် မော်ကွန်းထိန်းဆရာတော်များက ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ရုံး အာရုံခံတန်ဆောင်းကြီးအပေါ်ထပ်၌ နံနက် ၉ နာရီတွင် သီလပေးပွဲ၊ မွန်းလွဲ ၁ နာရီတွင် တရားပွဲများ ကျင်းပမည်ဖြစ်ပါသဖြင့် တရားတော်နာ ကြွရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာမြင့်မှ လူမျိုးတင့်မည်

မြန်မာ့အလင်း

ဧရာဝတီ အာဘော် (၂၀၁၂ ခုနှစ် ဧပြီ ၅ ရက်)

မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင်

ကိုယ်ကျင့်သိက္ခာသည် လူတစ်ယောက်အတွက် အရေးကြီးဆုံးစောင့်ထိန်းအပ်သောအရာဖြစ်သည်။ မိမိ၏ ကိုယ်ကျင့်သိက္ခာကို တန်ဖိုးထားထိန်းသိမ်းနိုင်ကြရမည်ဖြစ်သည်။ ကိုယ်ကျင့်တရားကို ကိုယ်ပိုင် ဆောက်တည်နိုင်မှသာ လူ့ဘဝ၏တန်ဖိုး၊ လူ့ဘဝ၏သိက္ခာ တိုးတက်လာမည်ဖြစ်သည်။ မကောင်းမှုကိုရှောင် ကောင်းမှုကို ဆောင်ပြီး ဖြူစင်သောစိတ်ကို မွေးမြူကြရမည်ဖြစ်သည်။

လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝိုင်းတွင် လူတို့သည် နေ့စဉ်တွေ့ကြုံနေကြရသည်မှာ မိသားစုအသိုင်းအဝိုင်းမှ အစပြုပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍအသီးသီးတွင် တစ်ဦးနှင့်တစ်ဦး ဆက်ဆံပြောဆိုကာ လှုပ်ရှားဆောင်ရွက်နေကြရသည်။ ယင်းသို့ ပေါင်းသင်းဆက်ဆံဆောင်ရွက်နေကြရာတွင် မည်သည့်လုပ်ငန်းကိုမဆို လုပ်ကိုင်သည်ဖြစ်စေ ဂုဏ်သိက္ခာရှိရှိနှင့်လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

အချို့သည်ငွေကြေးရှေ့တန်းတင်လေ့ရှိသည်။ လူလူချင်းဆက်ဆံကြသည့်အခါ သဘာဝထက် ပကာသနကို အထင်ကြီးပြီး မောက်မာစွာဆက်ဆံတတ်ကြသည်။ ပညာမာန၊ အလုပ်အကိုင်ရာထူးကြီးမားမှုကို အကြောင်းပြုပြီး မာန်တက်ကာ တစ်ဖက်သားအပေါ် မောက်မာစွာ ဆက်ဆံသူများလည်းရှိသည်။ အချို့သည် အချင်းချင်းဆက်ဆံသည့်အခါ လေးစားမှုနှင့် ပြောဆိုဆက်ဆံကြသည်။

ကမ္ဘာပေါ်တွင် ရှေးကာလမှစပြီး လူသားများ၏ သိက္ခာကို ထိန်းပေးသည့် တန်ဖိုးထားစရာ အချက်နှစ်ချက်မှာ ဟီရိနှင့်ဩတ္တပ္ပတရားနှစ်ပါးဖြစ်သည်။ အရှက်နှင့်အကြောက်တရားက လူတို့၏ အပြုအမူမှန်သမျှကို အမြဲထိန်းချုပ်ပေးလျက်ရှိသည်။ လူတို့သည် မကောင်းမှုလုပ်ရပ်များဖြစ်သည့် မူးယစ်ဆေးဝါး၊ အရက်၊ ကာမဂုဏ်အာရုံ၊ လောဘ၊ ဒေါသ၊ မနာလိုဝန်တိုမှု၊ တစ်ကိုယ်ကောင်းဆန်မှု၊ မုန်းတီးမှုများနှင့် ရင်ဆိုင်ရသည့်အခါတွင် ဟန်ချက်များ ပျက်စီးခဲ့ရသည်။

မြန်မာလူမျိုးတို့သည် အချင်းချင်းကြင်နာမှု၊ စာနာမှု၊ ကရုဏာထားမှုရှိသောသူများဖြစ်ပြီး တစ်ပါးသူအား ကူညီရိုင်းပင်းလိုသောစိတ်ဓာတ်ကောင်း ရှိသူများဖြစ်သည်။ ထိုအကြောင်းအချက်များကို မိမိတို့အားလုံး တန်ဖိုးထားမြတ်နိုးပြီး ထိန်းသိမ်းကြရမည်ဖြစ်သည်။

တစ်ပါးသူ၏အကျိုးကို နားလည်စာနာခြင်း၊ ကြင်နာခြင်း၊ ကရုဏာထားခြင်း၊ ဖြောင့်မတ်ခြင်း၊ ရိုးသားခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ရိုကျိုးခြင်း၊ တင်းတိမ်ရောင့်ရဲခြင်းဆိုသည့် စိတ်ထားများဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကိုယ်ကျင့်သိက္ခာသည် လူ့တန်ဖိုးဖြစ်သဖြင့် လူသားတိုင်း ရယူပိုင်ဆိုင်နိုင်သည်။ လူသားတန်ဖိုးကို လူတိုင်းကထိန်းသိမ်းသွားကြမည်ဆိုပါက လူမှုပတ်ဝန်းကျင်တစ်ခုလုံးသည် ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းပြီး ငြိမ်းချမ်းသာယာတိုးတက်နေမည်ဖြစ်ပါသည်။ ။

✻ ကျောဖုံးမှ

မလေးရှားနိုင်ငံဝန်ကြီးချုပ်ဒါတိုဆရီ မိုဟာမက်နာဂျစ် ဘင်တွန်းဟာဂျီ အဗ္ဗဒူရာဇက်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် အာဆီယံအသိုက်အဝန်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆွေးနွေးရာတွင် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် တစ်ခုတည်းသောအသိုက်အဝန်းနှင့် တစ်ခုတည်းသောရည်မှန်းချက်ဆောင်ပုဒ်နှင့်အညီ အာဆီယံအသိုက်အဝန်း ထူထောင်မှုကိစ္စများတွင် တက်ကြွစွာ ဦးဆောင်မှုပေးနေသည့်အတွက် များစွာအားရဝမ်းမြောက်ပါကြောင်း၊ ဤဆောင်ပုဒ်နှင့်အညီ ဦးစားပေးအစီအစဉ်များအဖြစ် ဆောင်ရွက်မည့်ကဏ္ဍများပါဝင်သည့် ဖနောင်ပင်ကြေညာစာတမ်းနှင့် ဖနောင်ပင်အစီအစဉ်(ဖနောင်ပင်အာဂျင်ဒါ) အပေါ် သဘောတူညီချက်ရရှိသည့်အတွက် ဂုဏ်ယူပါကြောင်း၊ အဆိုပါကြေညာစာတမ်းနှင့် အစီအစဉ်များသည် ၂၀၁၂ ခုနှစ်မှ အာဆီယံအသိုက်အဝန်း ထူထောင်မည့် ၂၀၁၅ခုနှစ်အတွင်း အာဆီယံ၏ဦးစားပေး ဆောင်ရွက်သွားမည့် လုပ်ငန်းများအပေါ် လမ်းညွှန်မှုပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းအဖြစ် ပေါင်းစည်းထူထောင်ရန် အချိန်နီးကပ်လာပြီဖြစ်သည်နှင့်အညီ မိမိတို့၏ ပေါင်းစည်းရေးကြိုးပမ်းမှုများကို ဆတက်ထမ်းပိုးအရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ပိုမိုလိုအပ်လာပြီ ဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် အာဆီယံနိုင်ငံများအချင်းချင်း ဆင်းရဲချမ်းသာ ကွာဟမှု၊ အာဆီယံနိုင်ငံတစ်ခုအတွင်း ဆင်းရဲချမ်းသာကွာဟမှုများကို လျော့နည်းပပျောက်သွားအောင် ဆောင်ရွက်ရန်လိုအပ်သည်ဆိုသည်ကို မီးမောင်းထိုးပြောကြားလိုကြောင်း။

ထို့ကြောင့် ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းရေး (Narrowing the Development Gap) သည် အာဆီယံ၏ အဓိကလုပ်ငန်းစဉ်များအနက်မှ တစ်ခုအဖြစ် ဆောင်ရွက်သင့်သည်ကို မိမိအနေဖြင့် အလေးအနက်ထား ပြောကြားလိုကြောင်း။

ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုညီမျှစေရန် အာဆီယံဒေသတွင်း စီးပွားရေးပေါင်းစည်းမှုကို အလေးထားလုပ်ဆောင်နိုင်သည်နှင့်အမျှ အာဆီယံက ချမှတ်ထားသည့် မျှတသည့်ဖွံ့ဖြိုးတိုးတက်မှု (Equitable Development) မျှော်မှန်းချက်ကို အောင်မြင်နိုင်မည်ဖြစ်သည့်အပြင် ကုလသမဂ္ဂက ချမှတ်ထားသည့် ထောင်စုနှစ်ရည်မှန်းချက်များ (UN Millennium Development Goals) ကိုလည်း ပြည့်မီစေနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ဦးစားပေးလမ်းစဉ် (၈)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

နောက်တစ်ချက်မှာ အာဆီယံအတွင်း စွမ်းအင်ဖူလုံရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ တိုးတက်လာသည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးကို တစ်ကမ္ဘာလုံးက စိုးရိမ်နေပြီး စားနပ်ရိက္ခာဖူလုံရေးအတွက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအားလုံးက ကြိုးပမ်းနေပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စားနပ်ရိက္ခာထုတ်လုပ်ရန် အားသာသည့်နိုင်ငံဖြစ်သည့်အတွက် လယ်ယာ၊ သားငါးလုပ်ငန်းများတွင် အာဆီယံနိုင်ငံများက ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဖိတ်ခေါ်ပါကြောင်း။

တစ်ဖက်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဝန်ဆောင်မှုအခန်းကဏ္ဍသည် ကြီးထွားလာလေ့ရှိရာ ဝန်ဆောင်မှုလုပ်ငန်းများ၌ အလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်ရေးအတွက် ဝန်ဆောင်မှုကိုဦးတည်သည့် အရည်အသွေးပြည့်ဝကျွမ်းကျင်သူများ ပိုမိုမွေးထုတ်ပေးနိုင်ရန်လည်း ကြိုးစားရမည်ဖြစ်ပါကြောင်း။

အာဆီယံပေါင်းစပ်ဆက်သွယ်မှု (ASEAN Connectivity) သည် ဒေသတွင်းနိုင်ငံများဖွံ့ဖြိုးတိုးတက်မှုနှင့် ပေါင်းစည်းရေးအတွက် အရေးအကြီးဆုံးဆောင်ရွက်မှုပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ မဟာဗျူဟာကျသည့် အနေအထားသည် အာဆီယံက ပြင်ပနိုင်ငံများနှင့် ဆက်သွယ်မှုတွင် အထောက်အကူပြုပေးနိုင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အနောက်ဘက်ခြမ်းတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ တောင်ဘက်ခြမ်းတွင် ရန်ကုန်မြို့အနီး သီလဝါအထူးစီးပွားရေးဇုန်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်အထူးစီးပွားရေးဇုန်များကို ထူထောင်နိုင်ရန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစီးပွားရေးဇုန်များသည် အာဆီယံပေါင်းစည်းဆက်သွယ်ရေးစီမံကိန်းကို ဖြည့်စွက်ပေးမည့်အပြင် အာဆီယံပြင်ပနိုင်ငံများနှင့် ပေါင်းစည်းဆက်သွယ်ရေးကိုလည်း အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

တက်ရောက်

နိုင် ငံ တော်သမ္မတ ဦးသိန်းစိန် ဖ နောင် ပင် မြို့ရှိ Peace Palace တ တိ ယ ထပ် Champa Room ၌ ကျင်း ပ သည့် အကြိမ် (၂၀) မြောက် အာဆီယံ ထိပ်သီး မျက်နှာ စုံညီအစည်းအဝေး သို့ တက်ရောက် စဉ်။

(သတင်းစဉ်)

အာဆီယံနှင့် အရှေ့အာရှစီးပွားရေးဆိုင်ရာ သုတေသနဌာန (ERIA) အကူအညီဖြင့် ဆောင်ရွက်ခဲ့သည့် မြန်မာဘက်စုံဖွံ့ဖြိုးမှုရည်မှန်းချက်ကို အတည်ပြုခဲ့ပြီးဖြစ်ရာ ယင်းရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ခြင်းသည် မဲခေါင်-အိန္ဒိယ စီးပွားရေးစင်္ကြံအစီအစဉ်အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံဒေသတွင်း ပေါင်းစည်းဆက်သွယ်မှုလုပ်ငန်းများကို စတင်ရန် အချိန်ကျရောက်နေပြီဖြစ်ပါကြောင်း၊ အာဆီယံသည် တောင်အာရှဒေသနှင့် အရှေ့မြောက်အာရှဒေသ၏ စီးပွားရေးကုန်သွယ်မှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများနှင့်လည်း ဆက်နွှယ်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်းကျင်မှ အလားအလာများစွာရှိသည့် စီးပွားရေးစနစ်ကြီးများနှင့် ဆက်သွယ်ပေါင်းစည်းမှုကိုလည်း မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် မူးယစ်ကင်းစင်သည့် အာဆီယံဒေသဖြစ်ရေး ကြေညာစာတမ်းထုတ်ပြန်ရန်ကိစ္စကို ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရားမဝင်မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု၊ သုံးစွဲမှုနှင့်ရောင်းဝယ်ဖောက်ကားမှုများကို တိုက်ဖျက်ရန်အတွက် ထိထိရောက်ရောက်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်ရေးကို မြန်မာနိုင်ငံအနေဖြင့် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည့်အတွက် အာဆီယံ၏ ၂၀၁၅ ခုနှစ် မူးယစ်ဆေးဝါးကင်းစင်ရေး ရည်မှန်းချက်ကို များစွာအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

အာဆီယံအနေဖြင့် ဂျီ-၂၀ အုပ်စုတွင် ပိုမိုအရေးပါသည့် အခန်းကဏ္ဍကိုရရှိအောင် ကြိုးစားသွားရန်လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံတကာငွေရေးကြေးရေးကဏ္ဍ၌ အာဆီယံ၏ဩဇာသက်ရောက်မှုကို မြင့်မားစေနိုင်မည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ဘာလီသဘောတူညီချက်အမှတ်(၃)နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယနေ့ ထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုနှင့် ဆင်းရဲချမ်းသာကွာဟမှု ကျဉ်းမြောင်းအောင်လျှော့ချရေး၊ အာဆီယံ၏ မဏ္ဍိုင်(၃)ရပ် တည်ဆောက်မှုတွင် အဖွဲ့ဝင်များတက်ညီလက်ညီ ပေါင်းစည်းဆောင်ရွက်ရေး Phnom Penh Agenda For 2012 ကို ပူးပေါင်းဖော်ဆောင်ရေး၊ ဧပြီ ၁ ရက်က မြန်မာနိုင်ငံတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲသည် လွတ်လပ်တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲအဖြစ် တညီတညွတ်တည်း အသိအမှတ်ပြုထောက်ခံရေး၊ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများဖယ်ရှားရေးသည် သက်ဆိုင်ရာနိုင်ငံအတွက်သာမက အာဆီယံ၏ဂုဏ်သိက္ခာအတွက်ပါ အရေးကြီးသည့်အတွက် အဆိုပါ ပိတ်ဆို့အရေးယူမှုများ ဖယ်ရှားပေးရေးကို အာဆီယံ၏ ဘုံရပ်တည်ချက်အဖြစ် တပေါင်းတစည်းတည်းရပ်တည်ရေး၊ "ASEAN: One Community-One Destiny" ရည်မှန်းချက် အောင်မြင်ရေး၊ ဘာလီသဘောတူညီချက်အမှတ်(၃)နှင့်အညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရေး၊ ၂၀၁၅ ခုနှစ်တွင် တစ်ခုတည်းသောအာဆီယံအသိုက်အဝန်းအဖြစ် အောင်မြင်စွာဖြစ်ပေါ်လာရေး၊ ၂၀၁၅ ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်သည့် အာဆီယံဒေသဖြစ်စေရေး၊ အာဆီယံနိုင်ငံများအတွင်း စွမ်းအင်နှင့်စားနပ်ရိက္ခာဖူလုံရေး၊ အာဆီယံအဝေးပြေးလမ်းမများ အပါအဝင် ရထားလမ်း၊ ကားလမ်း၊ လေကြောင်းဆက်သွယ်ရေးလမ်းကြောင်းများ ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံအနေဖြင့် ဂျီ-၂၀ နိုင်ငံများတွင် အရေးပါသည့် အခန်းကဏ္ဍမှ ရပ်တည်ဆောင်ရွက်ရေးဆိုင်ရာများကို အသီးသီးအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ကြပြီး နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ယနေ့ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးမျက်နှာစုံညီအစည်းအဝေးတွင် အာဆီယံနိုင်ငံခေါင်းဆောင်များအားလုံးက မြန်မာနိုင်ငံ၌ လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသည့် ကြားဖြတ်ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပပြီးစီးခဲ့ခြင်းအပေါ် ကြိုဆိုခဲ့ကြပြီး စီးပွားရေးပိတ်ဆို့မှုများ အမြန်ဆုံးရုပ်သိမ်းပေးရေး တောင်းဆိုသွားရန်ထောက်ခံကြကြောင်း တညီတညွတ်တည်း ဆွေးနွေးပြောကြားခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ရောက်ရှိ

ကြိုဆို နှုတ်ဆက်

နိုင် ငံ တော်သမ္မတ ဦးသိန်းစိန် အား ကမ္ဘောဒီးယား နိုင်ငံ ပညာရေး၊ လူ ငယ် နှင့် အားကစားဝန်ကြီး ဌာန ဝန်ကြီး H.E.Mr. Im Sethy နှင့် တာဝန်ရှိသူများက ဖ နောင် ပင် မြို့ ဖ နောင် ပင် အပြည်ပြည် ဆိုင် ရာ လေဆိပ်၌ ကြိုဆို နှုတ်ဆက် ကြစဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီ ၂ ရက် နံနက် ၉ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် နေပြည်တော်မှ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ထွက်ခွာသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် အဆင့်မြင့်အရာရှိကြီးများ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ ဖနောင်ပင် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ လိုက်ပါလာသည့် အထူးလေယာဉ်ဆိုက်ရောက်သည်နှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးချိုထွန်းအောင်နှင့် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယအကြီးအကဲ Mr.Sam Phang တို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့အတူ ကမ္ဘောဒီးယားနိုင်ငံ ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Im Sethy နှင့် တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ဇနီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများက လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ရောက်ရှိ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဖနောင်ပင်မြို့ရှိ Cambodiana Hotel ဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၄

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့်စာအုပ်လှူဒါန်းပွဲကို မတ် ၂၀ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်ရေးအဖွဲ့ရုံးခန်းမဆောင်၌ ကျင်းပရာ စာဖတ်ရှိန်မြှင့်တင်ရေး ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာလှဦးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်အဖွဲ့အစည်း(AIPA)ကိုယ်စားလှယ်များဆွေးနွေးပွဲ အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲနှင့် အာဆီယံခေါင်းဆောင်များနှင့်လူငယ်ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲတို့သို့ တက်ရောက်

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၃ ရက် မွန်းလွဲပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champei Room ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်အဖွဲ့အစည်း (AIPA) ကိုယ်စားလှယ်များဆွေးနွေးပွဲ၊ အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲနှင့် အာဆီယံခေါင်းဆောင်များနှင့် လူငယ်ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲတို့သို့ တက်ရောက်သည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် မွန်းလွဲ ၂ နာရီတွင်ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံ ပါလီမန်အဖွဲ့အစည်း (AIPA) ကိုယ်စားလှယ်များ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အပါအဝင် အာဆီယံပါလီမန်အဖွဲ့အစည်း (AIPA) မှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် အာဆီယံပါလီမန်အဖွဲ့အစည်း (AIPA) အလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံမှ ဒေါက်တာ Marzui Alie နှင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ယင်းနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက ဆွေးနွေးတင်ပြချက်များအပေါ် ၎င်းတို့၏အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ညနေ ၃ နာရီတွင်ကျင်းပသည့် အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ လူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တွဲဖက်အတွင်းရေးမှူး ဒေါ်ခိုင်နွယ်နွယ် ပါဝင်တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် လူထုအဖွဲ့အစည်း ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ညနေ ၄ နာရီ မိနစ် ၂၀တွင်ကျင်းပသည့် အာဆီယံခေါင်းဆောင်များနှင့် လူငယ်ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champei Room ၌ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်အဖွဲ့အစည်း (AIPA) ကိုယ်စားလှယ်များဆွေးနွေးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ လူငယ်ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံပညာရေးတက္ကသိုလ်မှ မောင်လင်းထင်ကိုကို နှင့် မောင်စဝင်းလှိုင်ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များအပေါ် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က ၎င်းတို့၏အမြင်များကို ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးပြောကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champei Room ၌ကျင်းပသည့် အာဆီယံခေါင်းဆောင်များနှင့်လူငယ်ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champei Room ၌ကျင်းပသည့် အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

မွေးမြူရေးခြံများ ဇီဝလုံခြုံမှု စစ်ဆေး

မန်စီ ဧပြီ ၄

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့တွင် မတ် ၁၅ ရက် နံနက် ၁၀ နာရီက မန်စီမြို့ပေါ်ရှိ ကြက်မွေးမြူရေးခြံများတွင် ဇီဝလုံခြုံမှု ဆောင်ရွက်ထားခြင်းအခြေအနေကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး ခေါင်းဆောင်သော မြို့နယ်အဆင့် ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးကော်မတီဝင်များ လိုက်လံစစ်ဆေးခဲ့ကြသည်။ စစ်ဆေးရာတွင် မန်စီမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းမြင့်အောင်က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ပညာပေးဆွေးနွေးခဲ့ပြီး လက်ထောက်တိရစ္ဆာန် ဆေးကုမှူး ဦးဒါရှိအောင်ဒွန်းက ကြက်ခြံများအား ပိုးသတ်ဆေးပက်ဖျန်းပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်တိ/မွေးကု)**

အင်းစိန်မြို့နယ်စာပေစာနယ်ဇင်းအဖွဲ့ စာအုပ်များလှူဒါန်း

ရန်ကုန် ဧပြီ ၄

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်များလှူဒါန်းပွဲအခမ်းအနားကို မတ် ၂၅ ရက်က ကျိုက်ထိုမြို့နယ် ကင်ပွန်းစခန်းဓမ္မာရုံ၌ကျင်းပရာ အခမ်းအနားတွင် အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ အတွင်းရေးမှူး ဦးစိုးဝင်းမောင် (ရွှေတိုက်စိုး)နှင့် စာရင်းစစ် ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မှူခင်း)တို့က စာအုပ်များပေးအပ်လှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမျိုးမျိုးစံတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ ဖနောင်ပင်မြို့ရှိ **Peace Palace** တတိယထပ် **Nuon Srey Hall** ၌ ကျင်းပသည့် အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားနှင့် အာဆီယံအဖွဲ့၏ (၄၅)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ဒီမိုကရေစီလုပ်ငန်းစဉ်များနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အပြုသဘောအထောက်အကူပြုနိုင်ရေး မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ချက်ချင်းဖယ်ရှားပေးရန် တောင်းဆို

အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ ကြေညာချက်တစ်ရပ်ထုတ်ပြန်

နေပြည်တော် ဧပြီ ၄

အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဧပြီ ၃ရက်မှ ၄ရက်အထိ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ရာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ ကြေညာချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ကြေညာချက်တွင် အာဆီယံအနေဖြင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများကို ကြိုဆိုထောက်ခံခဲ့ပြီး ဒေသဆိုင်ရာနှင့် နိုင်ငံတကာကိစ္စရပ်များ ခေါင်းစဉ်အောက်၌ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အောက်ပါအချက်များကို ထည့်သွင်းဖော်ပြထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရသည်-

၂၀၁၁ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် သိသာထင်ရှားသည့် အပြုသဘောဖြစ်ပေါ်တိုးတက်မှုများကို မိမိတို့ကြိုဆိုပါသည်။ အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ရရှိပြီးအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းရန် အရေးကြီးမှုကိုလည်း အလေးထားပြောကြားလိုပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအစိုးရ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုမြင့်မားစေမည့် ဆောင်ရွက်ချက်များ၊ ပြည်သူများ၏ လူနေမှုဘဝတိုးတက်ရေးဆောင်ရွက်ချက်များ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နှင့် ဒီမိုကရေစီအလေ့အထများ မြှင့်တင်ရေးဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်မှုကို ပိုမိုခိုင်မာစေရန်ဆောင်ရွက်ချက်များနှင့် ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးဆောင်ရွက်ချက်များ စသည့် ရဲရင့်ပြတ်သားသည့် ဆောင်ရွက်ချက်များ၏ အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းရန်ဖြစ်ပါသည်။

၂၀၁၂ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကြားဖြတ်ရွေးကောက်ပွဲများကို လွတ်လပ်၍တရားမျှတပြီး အောင်မြင်စွာကျင်းပခဲ့ခြင်းကို မိမိတို့ကြိုဆိုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အာဆီယံနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့များစွာကို ဖိတ်ခေါ်ခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိပါသည်။

ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဆက်လက်ဖော်ဆောင်မှုအတွက် အဓိကကျသည့် ခြေလှမ်းဖြစ်သည်ဟု မိမိတို့မှတ်ယူပါသည်။ မိမိတို့အနေဖြင့် မြန်မာအစိုးရ၏ ဒီမိုကရေစီဖော်ဆောင်မှုနှင့် နိုင်ငံရေးပြန်လည်သင့်မြတ်ရေး လက်ရှိကြိုးပမ်းမှုများကို အပြည့်အဝထောက်ခံကြောင်း ထပ်လောင်းအတည်ပြုပါသည်။ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံ ဒီမိုကရေစီရေးဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုရန်နှင့် ထောက်ခံအားပေးရန် မိမိတို့၏ တောင်းဆိုမှုများကို ထပ်လောင်းအတည်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက အာဆီယံအဖွဲ့ဝင်နိုင်ငံများ အဆင်ပြေမည့်နေ့ရက်တွင် နေပြည်တော်၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် ဖိတ်ကြားချက်အား မိမိတို့မှ ကြိုဆိုပါသည်။

မြန်မာနိုင်ငံတွင်ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီလုပ်ငန်းစဉ်များနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အပြုသဘောအထောက်အကူပြုနိုင်ရေးအတွက် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ချက်ချင်းဖယ်ရှားပေးရန် တောင်းဆိုပါသည်။

၂၀၁၄ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်နိုင်ရေးအတွက် လိုအပ်သည့်အထောက်အပံ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်ကြရန် အာဆီယံခေါင်းဆောင်များ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်။

(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဘူဒီအိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဖောင်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက် နာဂျစ်ဘင်တွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာဘီနင်နို အကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ကမ္ဘောဒီးယားယဉ်ကျေးမှုအဖွဲ့က အာဆီယံသီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက်အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က အဖွင့်မိန့်ခွန်းပြောကြားရာ၌ အာဆီယံ၏ "ASEAN: One Community One Destiny" ရည်မှန်းချက်အောင်မြင်ရေးအတွက် ဆက်လက်ပေါင်းစည်းဆောင်ရွက်ရေး၊ အာဆီယံပဋိညာဉ်နှင့်အညီ ၂၀၁၅ခုနှစ်တွင် တစ်ခုတည်းသောအာဆီယံအသိုက်အဝန်းထူထောင်ရေး၊ Chiang Mai Initiative Multilateralization (CMIM)နှင့်အညီ ဒေသတွင်းစီးပွားရေးအတွက် ပိုမိုမြှင့်တင်ပူးပေါင်းဆောင်ရွက်ရေး၊ ASEAN Community Building (2009-2015) လမ်းပြမြေပုံအတိုင်း အချိန်မီပြီးမြောက်အောင်ဖော်ဆောင်ရေး၊ ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်ရန် ဦးစားပေးဆောင်ရွက်ရေး၊ အဖွဲ့ဝင်နိုင်ငံများအတွင်း ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းရေးနှင့် အောင်မြင်သော ပေါင်းစည်းမှုအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ၊ အဖွဲ့အစည်းပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ချိတ်ဆက်ပေါင်းစည်းဆောင်ရွက်ရေး၊ အာဆီယံအတွင်း၌ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာစီးဆင်းရေး၊ ဒေသတွင်း သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များတွင် ထိရောက်စွာ မြှင့်တင်ပူးပေါင်းဆောင်ရွက်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် မကြာခဏဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်များကြောင့် အနာဂတ်စိန်ခေါ်မှုတစ်ရပ် ဖြစ်လာနိုင်သည့် စားနပ်ရိက္ခာလုံခြုံရေး (Food Security) အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်ရေးအပါအဝင် Phnom Penh Agenda ကို လက်တွဲပူးပေါင်းဖော်ဆောင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကမ္ဘောဒီးယားယဉ်ကျေးမှုအဖွဲ့က အာဆီယံတည်ထောင်ခြင်း (၄၅)နှစ်မြောက် အထိမ်းအမှတ်သီချင်း သီဆိုကြပြီး ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် တည်ထောင်ကျေးရွာအုပ်စု အင်းတောကျေးရွာတွင် မတ် ၂၃ ရက်က အင်ဂျင်မီးစက်ဖြင့် လျှပ်စစ်မီးထွန်းညှိခြင်း အခမ်းအနားကို အဆိုပါကျေးရွာ မီးစက်ရုံရှေ့တွင် ကျင်းပရာ မတည်အလှူရှင် နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ထွေ/အုပ်)

သင်္ကြန်အကြို ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၄

သင်္ကြန်အကြို ဂေါက်သီးရိုက်ပြိုင်ပွဲကို ဘုရင့်နောင်ပွဲရုံမိသားစု B.G.G အသင်းက တတိယအကြိမ်မြောက် ကြီးမှူးကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကို Royal Mingalardon Golf Club ၌ ဧပြီ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်ရာ အသင်းဝင်အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ပြိုင်ပွဲဝင်ကြရန်နှင့် ပြိုင်ပွဲဝင်လိုသည့် အသင်းဝင်များ သည် ဥက္ကဋ္ဌ ဦးခင်ဟန် ဖုန်း-၀၉-၅၁၀၄၇၀၀ အတွင်းရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၁-၇၀၅၈၂၃၊ တွဲဖက်အတွင်းရေးမှူး ဦးနေလင်း ဖုန်း-၀၉-၇၃၀၁၇၄၆၆ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

သင်္ကြန်သတင်းပဒေသာ **ခင်လေးမြင့်အောင်-စုစည်းသည်**

သင်္ကြန်ရေပက်ခံကားအငှားဈေးကွက် ရန်ကုန်အပြင် နယ်နှင့်နိုင်ငံရပ်ခြားရောက် မြန်မာများကပါ ကြိုတင်ငှားရမ်းလာ

ရန်ကုန် ဧပြီ ၄

ရန်ကုန်မြို့တော် အတာသင်္ကြန်ပွဲတော်အတွင်း သင်္ကြန်ရေပက်ခံထွက်ကြမည့် ကားအငှားဈေးကွက်အတွင်း၌ ဈေးနှုန်းများမြင့်တက်လျက်ရှိကာ နယ်မြို့များရှိ ရန်ကုန်သင်္ကြန်လာရောက်လိုသူအများစုက ကြိုတင်ငှားရမ်းကြကြောင်း သိရှိရသည်။

"အများစုက တောင်းအော့စ်တွေကို ကြိုက်ကြတယ်။ လူများများဆံ့ပြီး ဈေးနှုန်းကလည်းသင့်တဲ့အတွက် နယ်အော်ဒါက အကြိုက်များတယ်။

လက်ရှိ ကားဈေးနှုန်းတွေက တစ်ရက်ကို ငွေကျပ်တစ်သိန်းသုံးသောင်းကနေ ငွေကျပ် တစ်သိန်းခုနစ်သောင်းလောက်အထိကို အငှားဖြစ်နေကြတယ်။ သင်္ကြန်ရက်နီးလာလေလေ ကားငှားဈေးက မြင့်တက်လာလေဖြစ်မှာပါ။ ဒီနှစ်သင်္ကြန်တွင်းမှာ ကားငှားမယ်ဆိုရင် ငွေကျပ် နှစ်သိန်းစွန်းစွန်းအထိ မြင့်တက်နိုင်တယ်" ဟု အငှားကားလုပ်ငန်းလုပ်ကိုင်သူများက မြန်မာ့အလင်းသို့ ရှင်းပြသည်။

မတ်လကုန်ခန့်က သင်္ကြန်အတွက် ဂျစ်ကားများငှားရမ်းရန် စုံစမ်းခြင်းများ ရှိခဲ့သော်လည်း ယခုသင်္ကြန်လရောက်ရှိလာသောအခါ ဂျစ်ကားထက် တောင်းအော့စ်ဇုန်ကားများကို ပိုမိုစိတ်ဝင်စားလာကြကြောင်း သိရသည်။

တာမွေအဝိုင်းထိပ်ရှိ ကားအငှားလုပ်ငန်းလုပ်ကိုင်သူ ကိုရဲထွန်းက "ဒီနှစ်တော့ ရန်ကုန်သင်္ကြန်က မနှစ်ကထက် ပိုစည်မယ်လို့ ကြားကြလို့ ကားကိုလည်း ကြိုတင်ငှားလာတာမျိုးတွေ ရှိပါတယ်။ လက်ရှိမှာရန်ကုန်ရော၊ နယ်ဘက်ရော ကြိုတင်ငှားရမ်းထားတာ အစီး ၄၀ ကျော်ရှိသွားပြီ။ နယ်တွေကအပြင် နိုင်ငံရပ်ခြားက မြန်မာသင်္ကြန်လာကြမယ့် မြန်မာတွေကပါ ကြိုတင်ပြီး ကားငှားရမ်းတာမျိုးရှိတယ်" ဟု ပြောကြားသည်။

စက်သုံးဆီဈေးနှုန်းအပြောင်းအလဲရှိမည်ဆိုပါက သင်္ကြန်ရေပက်ခံထွက်ကြမည့်ကားများ၏ ဈေးနှုန်းများအနည်းငယ်ပြောင်းလဲနိုင်ပြီး မကြာမီယာဉ်အိုယာဉ်ဟောင်းအဖြစ် သိမ်းဆည်းခြင်းခံရမည့် အက္ခရာနိမ့်အိမ်စီး ပါပလစ်ကာနှင့် ဆန်နီကားများလည်း ဈေးကွက်အတွင်း၌ တွေ့ရသည်။ ပြန်လည်အပ်နှံရမည့် ကားများအနေနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ မလိုက်နာမည်ကို စိုးရိမ်ကြခြင်းကြောင့် အငှားဈေးကွက်၌ တောင်းအော့စ်များ၊ ဇုန်ကားများလောက် ဈေးကွက်နေရာမရရှိကြောင်း သိရှိရသည်။

ပန်းဆိုးတန်း-ဒလကူးတို့ဆိပ် သင်္ကြန်တွင်း စည်းကမ်းထိန်းသိမ်းမည်

ရန်ကုန် ဧပြီ ၄

လာမည့် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များအား လူအများဆုံးစီးနင်းကြသည့် ပန်းဆိုးတန်း-ဒလကူးတို့ဆိပ်တွင် ထားရှိကာ ခရီးသည်များ၏ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် အကူအညီပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

"ဒလဘက်ကမ်းကနေ ရန်ကုန်ကိုလာတဲ့သူတွေ သင်္ကြန်ရက်တွေမှာ အရမ်းများပြားပါတယ်။ အရင်နှစ်တွေလည်း ဒီလိုပဲ။ မနက်ပိုင်းအချိန်နဲ့ ညနေပြန်ချိန်တွေမှာ ကူးတို့စီးနင်းမယ့်လူတွေ အန္တရာယ်မဖြစ်အောင် စနစ်တကျရှိစေဖို့ အခုလို စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တွေ ထားရှိရခြင်းဖြစ်ပါတယ်"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး လက်အောက်ရှိ ပန်းဆိုးတန်း-ဒလ ကူးတို့ဆိပ်ကမ်းမှ တာဝန်ရှိသူက ပြောကြားသည်။

သင်္ကြန်တွင်း၌ မူးယစ်ရမ်းကားကာ အပျော်လွန်ခြင်းကြောင့် ကူးတို့ကူးရာ၌ အခြားခရီးသွားများ စိတ်အနှောင့်အယှက်မဖြစ်ကြစေရန်နှင့် ရေစိုနေခြင်းကြောင့် မတော်တဆထိခိုက်မှု၊ ရေထဲချော်ကျမှုများ မဖြစ်ကြစေရန် စနစ်တကျ စီးနင်းရန် လိုအပ်ကြောင်း အဆိုပါ တာဝန်ရှိသူက ပြောပြသည်။ ပြည်တွင်းရေကြောင်းအနေနှင့် သင်္ကြန်ရက်များအတွင်း ကူးတို့စီးနင်းခများကို ပုံမှန်နှုန်းထားများဖြင့်ပင် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လူတစ်ဦးလျှင် ကျပ် ၅၀ ဖြစ်ကြောင်း သိရှိရသည်။

ဒလမြို့ခံများ၏ ပြောကြားချက်အရ သင်္ကြန်ရက်များအတွင်း ဒလ၊ တွံတေးမြို့နယ်ဘက်ခြမ်းများမှ ရန်ကုန်မြို့သို့ ကူးတို့ဖြင့် လာရောက်သူ သုံးသောင်းနီးပါး ရှိမည်ဖြစ်သည်ဟု သိရသည်။

5-4 (05).pmd 1 4/5/2012, 3:36 AM

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ အာဆီယံထိပ်သီးအစည်းအဝေးအတွင်း ကျင်းပသည့် AIPA အစည်းအဝေးနှင့် အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်/အကြီးအကဲများနှင့် AIPA ကိုယ်စားလှယ်များ အစည်းအဝေးသို့တက်ရောက်

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော အဖွဲ့ဝင်သုံးဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် အာဆီယံပါလီမန်အမတ်များ ညီလာခံ (ASEAN Inter-Parliamentary Assembly-AIPA) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်အကြီးအကဲများ၏ အကြိုညှိနှိုင်းအစည်းအဝေးနှင့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွင်း အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်/အကြီးအကဲများနှင့် အာဆီယံပါလီမန်အမတ်များညီလာခံ ကိုယ်စားလှယ်များ အစည်းအဝေးသို့တက်ရောက်ရန် မတ် ၃၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ဧပြီ ၂ ရက် နံနက် ၉ နာရီတွင် ဖနောင်ပင်မြို့ရှိ HOTEL CAMBODIANA ဒုတိယထပ် Tonle Sap ခန်းမ၌ ကျင်းပသည့် အာဆီယံပါလီမန်အမတ်များညီလာခံဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်အကြီးအကဲများ၏ အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အာဆီယံအတွင်း AIPA ၏ အခန်းကဏ္ဍမြှင့်တင်ရေး အဆိုတစ်ရပ်ကို AIPA ဥက္ကဋ္ဌ၏မိန့်ခွန်းတွင် ထည့်သွင်းရေးအတွက် တင်သွင်းခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ AIPA ဥက္ကဋ္ဌနှင့် အင်ဒိုနီးရှားနိုင်ငံ The House of Representatives ဥက္ကဋ္ဌ Dr.Marzuki Alie၊ AIPA အတွင်းရေးမှူး Mr. Antonio V. Cuenco အပါအဝင် အာဆီယံနိုင်ငံအသီးသီးမှ AIPA ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ဧပြီ ၂ ရက် ည ၇ နာရီတွင် ဖနောင်ပင်မြို့ Peace Palace ရှိ Rumduol ခန်းမ၌ ပြုလုပ်သော ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆန်က တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်/အကြီးအကဲများ၊ အာဆီယံနိုင်ငံများမှ AIPA ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ AIPA အတွင်းရေးမှူးတို့နှင့်အတူ တက်ရောက်သည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ဧပြီ ၃ ရက် နံနက် ၉ နာရီခွဲတွင် ဖနောင်ပင်မြို့ Peace Palace ရှိ Nuon Srey ခန်းမ၌ ကျင်းပသည့် အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် (၄၅)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ဖွင့်ပွဲ အခမ်းအနားသို့လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် Peace Palace ရှိ Champei Room ၌ပြုလုပ်သည့် အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်/ အကြီးအကဲများနှင့် အာဆီယံပါလီမန်အမတ်များ ညီလာခံကိုယ်စားလှယ်များ အစည်းအဝေးသို့လည်းကောင်း၊ ညပိုင်းတွင် ဖနောင်ပင်မြို့ Inter- Continental Hotel ၌ ကျင်းပသည့် ကမ္ဘောဒီးယားနိုင်ငံ National AIPA Group ဥက္ကဋ္ဌ Dr. Cheam Yeap က တည်ခင်းသည့်ညစာစားပွဲ အခမ်းအနားသို့လည်းကောင်း တက်ရောက်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ညနေပိုင်းတွင် ရောက်ရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဖနောင်ပင်မြို့ရှိ HOTEL CAMBODIANA ဒုတိယထပ် Tonle Sap ခန်းမ၌ ကျင်းပသည့် အာဆီယံ ပါလီမန်အမတ်များညီလာခံဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်အကြီးအကဲများ၏ အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းအတိုအထွာ ၄-၄-၂၀၁၂

➤ တင်မောင်လွင် – စုစည်းသည် ➤

နယူးယောက်မြို့ကို တိုက်ခိုက်ရန် အင်တာနက်မှခြိမ်းခြောက်မှု အမေရိကန်အာဏာပိုင်များ စုံစမ်းစစ်ဆေးလျက်ရှိ

အမေရိကန်အာဏာပိုင်များသည် ဧပြီ ၂ ရက်က အယ်လ်ခိုင်ဒါတပ်ဖွဲ့ဝင်တစ်ဦးဖွဲ့စည်းထားသည့် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် ဓာတ်ပုံသုံးပုံဖြင့် မူလဇာစ်မြစ်နှင့် ၎င်း၏ဆိုလိုရင်းအဓိပ္ပာယ်ကို စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ အဆိုပါ ဓာတ်ပုံများမှာ မကြာမီကာလအတွင်း အယ်လ်ခိုင်ဒါတပ်ဖွဲ့ဝင်တစ်ဦး နယူးယောက်မြို့အား တိုက်ခိုက်မှုအတွက် ခြိမ်းခြောက်ရန် ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ယင်းလုပ်ရပ်သည် ပြင်းထန်သောခြိမ်းခြောက်မှုမဖြစ်နိုင်ဟု ၎င်းတို့က မှတ်ချက်ပြုထားသည်။ အဆိုပါဖန်တီးထားသည့်ပုံများအား ဧပြီ ၂ ရက် နံနက်က ဖိုရမ်တစ်ခုတွင်ရေးဆွဲထားခြင်းဖြစ်ပြီး ယင်းဖိုရမ်တွင် အယ်လ်ခိုင်ဒါခေါင်းဆောင်များ လွတ်မြောက်ရန် ဗီဒီယိုများ၊ အသံသွင်းယူထားမှုများကို အသုံးပြု၍ ဖော်ပြထားသည်။ သို့သော်လည်း ယင်းအယ်လ်ခိုင်ဒါခေါင်းဆောင်များအား ထောက်ခံသူများအနေဖြင့် အသုံးပြုထားခြင်းလည်းဖြစ်နိုင်ကြောင်း ၎င်းတို့က တွက်ဆကြသည်။ ဓာတ်ပုံများမှာ အဆိုပါဝက်ဘ်ဆိုက်၏ အနုပညာဖန်တီးရေးဆွဲမှုအပိုင်းတွင် ဖော်ပြထားခြင်းဖြစ်ပြီး ယင်းပုံများသည် ထောက်ခံသူတစ်ဦးဖြစ်သည်ကို ညွှန်ပြနေကြောင်း၊ သို့သော်လည်း အယ်လ်ခိုင်ဒါအဖွဲ့ဝင်တစ်ဦး မဖြစ်နိုင်ကြောင်း အာဏာပိုင်များက သုံးသပ်ကြသည်။

လေဆာလမ်းညွှန်ပါဗုံးများ ဗြိတိန်ဝယ်ယူမည်

ဗြိတိန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၈ သန်းတန်ဖိုးရှိ လေဆာလမ်းညွှန်ပါဗုံးများအား ဝယ်ယူရန် သဘောတူညီချက်အသစ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ဧပြီ ၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။ Paveway IV အမည်ရှိ အဆိုပါဗုံးသည် ကမ္ဘာပေါ်တွင် တိကျမှုအမြင့်ဆုံးဗုံးတစ်လုံးဖြစ်ပြီး ဗြိတိန်တော်ဝင်လေတပ်၏ အဓိကမဏ္ဍိုင်အနေဖြင့် အသုံးပြုသွားမည်ဖြစ်သည်။ ယင်းဗုံးတွင် ဂျီပီအက်စ်နည်းပညာစနစ်အသုံးပြုထားမှုကြောင့် လိုရာပစ်မှတ်ကို ရောက်ရှိနိုင်ပြီး ပစ်မှတ်များအား ၂၄ နာရီ တိုက်ခိုက်ပစ်ခတ်နိုင်သည်ဟု ဆိုသည်။ Paveway IV ဗုံးများကို ၂၀၁၁ ခုနှစ်အတွင်းက လစ်ဗျားလေကြောင်းတိုက်ပွဲတွင် အသုံးပြုခဲ့ပြီး မကြာသေးမီအချိန်ကလည်း အာဖဂန်နစ္စတန်တိုနာဒိုဂျက်လေယာဉ်များတွင် အသုံးပြုခဲ့သည်ဟုဆိုသည်။

ကမ္ဘောဒီးယားတွင် ကြက်ငှက်တုပ်ကွေးကြောင့် တစ်ဦးသေဆုံး

ကမ္ဘောဒီးယားနိုင်ငံအလယ်ပိုင်းတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် အသက်ခြောက်နှစ်အရွယ် မိန်းကလေးတစ်ဦးသေဆုံးခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တို့က ဧပြီ ၃ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။ အဆိုပါမိန်းကလေးသည် ယခုနှစ်တွင် နိုင်ငံအတွင်း၌ ဒုတိယမြောက် သေဆုံးသူလည်းဖြစ်သည်။ အသက်ခြောက်နှစ်အရွယ် နှိုင်းမာကာရာအမည်ရှိ အဆိုပါမိန်းကလေးသည် ကမ်ပုန်ချန်ပြည်နယ် ကမ်ပုန်ထရာလပ်ခရိုင်အတွင်း ရောဂါရှိသော ကြက်တစ်ကောင်၏အသားကို စားသုံးမိရာ ပြီးခဲ့သည့် မတ် ၂၂ ရက်က စတင်ဖျားနာမှုဝေဒနာခံစားခဲ့ခြင်းဖြစ်သည်။ ၎င်း၏ မိသားစုဝင်များက ဆေးဝါးများဖြင့် ကြိုးစားကုသသော်လည်း သူမ၏ဝေဒနာမှာ ပိုမိုဆိုးရွားလာမှုကြောင့် ကွန်သာဘိုဖာဆေးရုံသို့ အရေးပေါ်ကုသစဉ် ဧပြီ ၁ ရက်က သေဆုံးခဲ့ခြင်းဖြစ်သည်။ ***(အင်တာနက်)***

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

တက္ကဆက်ပြည်နယ်တွင် လေဆင်နှာမောင်းများတိုက်ခတ် ဒေါ်လာသန်းပေါင်းများစွာပျက်စီးဆုံးရှုံး၊ ၁၀ ဦးကျော်ဒဏ်ရာရ

ဟူစတန် ဧပြီ ၄

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ဧပြီ ၃ ရက်က လေဆင်နှာမောင်းများ (၁၂) ကြိမ်ခန့် ဝင်ရောက်တိုက်ခတ်ရာ ဒဏ်ရာရသူ ၁၀ ဦးကျော်ရှိခဲ့သည်။ ဧပြီ ၄ ရက်တွင် ပျက်စီးဆုံးရှုံးမှုပမာဏ ခန့်မှန်းတွက်ချက်ရာ အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **(ဓါတ်ပုံ)**

အမေရိကန်နိုင်ငံ၏ စတုတ္ထမြောက် လူဦးရေအထူထပ်ဆုံးဒေသဖြစ်သော ဒဲလ်လာ့စ်နယ်မြေတွင် လေဆင်နှာမောင်း (၁၂) ကြိမ် တိုက်ခတ်သွားခဲ့ကြောင်း အမေရိကန်အမျိုးသားမိုးလေဝသဌာန၏ သတင်းထုတ်ပြန်ချက်ကို ဒဲလ်လာ့စ်မောနင်းသတင်းစာတွင် ဖော်ပြခဲ့သည်။

ဒဲလ်လာ့စ်မြို့နှင့် ဖော့ဝေါ့လ်မြို့အနီးတွင် ထိုနေ့ နေ့လယ်ပိုင်းက လေဆင်နှာမောင်း နှစ်ကြိမ်တိုက်ခတ်မှုဖြစ်ပြီး အိမ်ခြေများစွာပျက်စီးကြောင်း၊ ဒေသခံထောင်ပေါင်းများစွာတို့ ထိုလေဆင်နှာမောင်းဒဏ်ကို ကြုံတွေ့ခံစားခဲ့ရကြောင်း သတင်းတွင် ဆက်လက်ပါရှိသည်။

လေဆင်နှာမောင်းများတိုက်ခတ်မှုအတွင်း လူသေဆုံးမှုမရှိသော်လည်း ဒဲလ်လာ့စ်မြို့ ဆင်ခြေဖုံးအရပ်မှ လူ ၁၀ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ ၎င်းတို့အနက် နှစ်ဦး၏ ဒဏ်ရာအခြေအနေမှာ ပြင်းထန်သဖြင့် ဆေးရုံသို့တင်ပို့ခဲ့ရသည်။ အာလင်တန်မြို့အတွင်း၌လည်း ဒဏ်ရာရရှိသူ သုံးဦးရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ ခရီးသည်တင်ဗင်ကားတစ်စီး ဗုံးထိမှန်

အစ္စတန်ဘူလ် ဧပြီ ၄

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် ဧပြီ ၄ ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ သေဆုံးသူ ခြောက်ဦးရှိခဲ့ပြီး ခုနစ်ဦးဒဏ်ရာရရှိကြောင်း ရုပ်မြင်သံကြားသတင်းတွင် ထုတ်လွှင့်ပြသသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုမှာ ခရီးသည်တင် ဗင်ကားတစ်စီး ဖောက်ခွဲခံရခြင်းဖြစ်ပြီး ခရီးသည် ခန့်မှန်းခြေ ၁၅ ဦးမှ ၂၀ အထိ တင်ဆောင်လာသော ယင်းဗင်ကားသည် တိရတ်တောင်တန်းဒေသမှ ဂျက်ကာရုဒ်မြို့သို့ မောင်းနှင်လာစဉ် ကားနောက်ပိုင်းကို ဗုံးထိမှန်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး မည်သို့ဖောက်ခွဲခဲ့သည်ကို မသိရှိရသေးကြောင်း၊ ဒဏ်ရာရသူများကို ပတ်ရှဝါမြို့ဆေးရုံသို့ အရေးပေါ်တင်ပို့ပေးခဲ့ကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။ ပါကစ္စတန်သမ္မတ ဇာဒါရီနှင့် ဝန်ကြီးချုပ် ဂီယာနီတို့က ယခု ဗုံးပေါက်ကွဲမှုအပေါ် အပြင်းအထန်ရှုတ်ချလိုက်သည့် ကြေညာချက်တစ်စောင်ကို ပေါက်ကွဲမှုဖြစ်ပြီး မရှေးမနှောင်းမှာပင် ထုတ်ပြန်ခဲ့သည်။ **(အင်တာနက်)**

အာဖဂန်နိုင်ငံ အရှေ့ပိုင်း၌ နေတိုးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ကဘူးလ် ဧပြီ ၄

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် နိုင်ငံတကာလုံခြုံရေးအကူအညီပေးမှုတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)မှ အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း ဧပြီ ၄ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် မိမိတို့တပ်ဖွဲ့ဝင်တစ်ဦး တိုက်ပွဲပြင်ပ၌ ဒဏ်ရာရမှုကြောင့် ဧပြီ ၃ ရက်တွင် သေဆုံးသွားကြောင်း အိုက်အက်စ်အေအက်ဖ်က ထိုနေ့က ကြေညာသည်။

ယင်းကြေညာချက်တွင် တပ်ဖွဲ့ဝင်၏ နိုင်ငံသားဖြစ်မှုအခြေအနေနှင့်တကွ သေဆုံးသည့် နေရာ၊ ဖြစ်စဉ်အတိအကျကိုမူ ထုတ်ဖော် ကြေညာခြင်းမပြုပေ။ အမေရိကန်တပ်ဖွဲ့ဝင်အများစုမှာ အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းပြည်နယ်များတွင် လက်ရှိအချိန်အထိ စခန်းချတပ်စွဲထားကြသည်ဟု သိရသည်။ **(အင်တာနက်)**

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသော ဆွာချောင်းရေလှောင်တမံနှင့် နဂါးပေါက်ရေထိန်းတံခါး

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် လယ်မြေဧက ၃၅၀၀၀ အကျိုးပြု ဆွာချောင်းရေလှောင်တမံကို တည်ဆောက်ပေးထားသဖြင့် ဒေသခံပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာသည့်အပြင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးပါ အထောက်အကူပြုလျက်ရှိသည်။

နဂါးပေါက်ရေထိန်းတံခါး

* နဂါးပေါက်ရေထိန်းတံခါးသည် ဒိုက်ဦး-ညောင်ခါးရှည်လမ်း၏ အရှေ့ဘက် သုံးမိုင်ခန့်အကွာ နဂါးပေါက်ချောင်းနှင့် ခမုံမြစ်ကျိုးဖြတ်ချောင်းဆုံရာအနီး၌ တည်ရှိသည်။
* ဝေါမြို့နယ်အတွင်းရှိ ရေကြီးကွင်းများ မိုးရာသီရေမြုပ်မှုမှ ကာကွယ်ပြီး ဧက ၁၅၀၀၀ ခန့်ကို ရေဘေးကာကွယ်ပေးနိုင်သည့် ရေထိန်းတံခါးဖြစ်သည်။
* မိုးရာသီတွင် စစ်တောင်းမြစ်ရေများ လယ်ကွင်းအတွင်း မဝင်စေရန် ကာကွယ်ပေးခြင်းဖြင့် ရေကြီးမှုကို လျှော့ချပေးနိုင်မည်ဖြစ်ပြီး နွေရာသီတွင် စစ်တောင်းမြစ်မှ ရေချိုများကို ရေထိန်းတံခါးမှတစ်ဆင့် စိုက်ပျိုးရေ ပေးသွင်းနိုင်သည်။
* ရေထိန်းတံခါးတွင် ၆ ပေ × ၁၆ ပေအရွယ်အစားရှိသည့် သံကူကွန်ကရစ်အမျိုးအစား ရေထိန်းတံခါးပေါက် ၄၀ ပါရှိသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ဥရောပယူနီယံဌာနချုပ်မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ဥရောပယူနီယံဌာနချုပ်မှ Mr. Robert Cooper နှင့် Ms. Malgorzata Waskilewska တို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ အတွင်းရေးမှူး ဦးဝင်းကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံရာတွင် ဥရောပယူနီယံကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံ၌လွတ်လပ်၍ တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲများကို ပွင့်လင်းမြင်သာစွာ ကျင်းပနိုင်ခဲ့မှုအတွက် ချီးကျူးဂုဏ်ပြုကြောင်းနှင့် နောင်ရွေးကောက်ပွဲများတွင် ပိုမိုကောင်းမွန်သည့် လုပ်ငန်းစဉ်များဖြစ်စေရေး ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ဥရောပယူနီယံဌာနချုပ်မှ Mr. Robert Cooper နှင့် Ms. Malgorzata Waskilewska တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းစီမံချက် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစီမံချက် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၄

မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ် လျော့ပါးရေး လုပ်ငန်းစီမံချက် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်မည့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖွဲ့စည်းရေးဆွဲ

ရှေးဦးစွာ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၌ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသော သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ နိုင်ငံတော်အဆင့် စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရန်လိုအပ်သဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ် လျော့ပါးရေး လုပ်ငန်းစီမံချက် (Myanmar Action Plan on Disaster Risk Reduction-MAPDRR) ကို ရေးဆွဲခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းစီမံချက်ကို အာရှဒေသ သဘာဝဘေး ကြိုတင်ပြင်ဆင်ရေးဌာန (Asia Disaster Preparedness Centre-ADPC) ၏နည်းပညာပံ့ပိုးမှုဖြင့် ၂၀၀၉ ခုနှစ်မှစတင်ပြီး သက်ဆိုင်ရာအစိုးရဌာနများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပညာရှင်များပါဝင်သည့် အထောက်အကူပြု လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးဆွဲခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် မတ် ၃ ရက်တွင် ကျင်းပသည့် အထောက်အကူပြု လုပ်ငန်းအဖွဲ့၏ (၁၆)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး၌ စီမံချက်ပါ လုပ်ငန်းစီမံကိန်းများကို နောက်ဆုံးအခြေအနေများနှင့် ကိုက်ညီအောင် လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ခဲ့ပါကြောင်း။

အဆိုပါလုပ်ငန်းစီမံချက်သည် အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည့် လုပ်ငန်းစီမံချက်ဖြစ်သည့်အတွက် ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသည် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အနေဖြင့် အဆိုပါလုပ်ငန်း စီမံချက်ကို ယခုနှစ်မိုးမကျမီ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၎င်းစီမံချက်ကို နိုင်ငံတော်အဆင့် အတည်ပြုပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျော့ပါးစေရေး စသည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနယ်ပယ်အားလုံးကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ပြီး ပြည်သူလူထုအတွက် သဘာဝဘေးအန္တရာယ်ဒဏ် ခံနိုင်ရည်ရှိစေရေး၊ ဆင်းရဲမှုလျော့ပါးစေရေးနှင့် နိုင်ငံတော်အဆင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေနိုင်မည်ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ယင်းနောက် အဖွဲ့တွဲဖက်အတွင်းရေးမှူး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းစီမံချက်ပါ စီမံကိန်းလုပ်ငန်းများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် လျော့ပါးရေး လုပ်ငန်းစီမံချက်ကို ကဏ္ဍကြီး(၇)ရပ်၊ စီမံကိန်း(၆၅)ရပ်ဖြင့် နိုင်ငံတော်အဆင့် အတည်ပြုချက် ရယူရေး၊ စီမံချက်ကို ဦးစားပေးအစီအစဉ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့က အတည်ပြုရန် လိုအပ်သည့် အစည်းအဝေးဆုံးဖြတ်ချက်များကို တွဲဖက်အတွင်းရေးမှူးက ဖတ်ကြားအတည်ပြုချက်ရယူသည်။

ထို့နောက်အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူးအား Mr.Kevin Deveaux ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၄

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူးအား UNDP ဌာနချုပ်မှ လွှတ်တော်ရေးရာဆိုင်ရာအထောက်အကူပြုအဖွဲ့ အကြံပေးပုဂ္ဂိုလ် Mr.Kevin Deveaux ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ လွှတ်တော်ကော်မတီအဆောင်အမှတ်(၂၀) ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး**(အောက်ပုံ)** ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ လွှတ်တော်အား ကူညီဆောင်ရွက်ပေးလိုသည့် အစီအစဉ်များနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး၊ ကော်မတီအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတင်းထုတ်ပြန်ချက်

၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ နိုင်ငံခြားသားများသည် အမေရိကန်ဒေါ်လာ ၁၀၀၀၀ သို့မဟုတ် ၎င်းနှင့်ညီမျှသောငွေထက်မပိုသော မည်သည့်နိုင်ငံခြားငွေများကိုမဆို ပြည်တွင်းသို့ရောက်သည့်အခါ အကောက်ခွန်ဦးစီးဌာနသို့ ကြေညာခြင်းမပြုဘဲ မြန်မာနိုင်ငံအတွင်းသို့ ယူဆောင်လာနိုင်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပူတာအိုမြို့၌ အိမ်တွင်းမှု သင်တန်းများဆင်းပွဲ အခမ်းအနားကျင်းပ

ပူတာအို ဧပြီ ၄

ကချင်ပြည်နယ် ပူတာအိုမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၁)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၃ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ အဆင့်မြင့်စက်ချုပ်သင်တန်းထူးချွန်ဆုရရှိသူ သင်တန်းသူတစ်ဦးအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက လည်းကောင်း၊ အခြေခံအိမ်တွင်းမှုသင်တန်း ထူးချွန်ဆုရရှိသူ သင်တန်းသူတစ်ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းသူမောင်ကလည်းကောင်း၊ အဆောင်စည်းကမ်းလိုက်နာမှုဆုရရှိသူ သင်တန်းသူတစ်ဦးအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မွန်သဲကလည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို ကျောင်းအုပ်ဆရာမ ဒေါ်ခင်မာယဉ်ကလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အိမ်တွင်းမှု)**

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သုံးခွ၌ ဆရာတော်များအား ဖူးမြော်ကြည်ညို

နေပြည်တော် ဧပြီ ၄

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ဧပြီ ၁ ရက်နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဝိဇ္ဇောဒယ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တဝဏ္ဏသာမိအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များ၊ သုတရသစာအုပ်များ၊ ဂျာနယ်နှင့်မဂ္ဂဇင်းများ၊ ယဉ်ကျေးလိမ္မာဆုံးမစာ စာအုပ်များနှင့် ဆန်အိတ်များလှူဒါန်းသည်။

ထို့နောက် လောကမာရဇိန်ကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တကေသရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များ၊ သုတရသစာအုပ်များ၊ ဂျာနယ်နှင့်မဂ္ဂဇင်းများ၊ ယဉ်ကျေးလိမ္မာဆုံးမစာ စာအုပ်များနှင့် ဆန်အိတ်များလှူဒါန်းခဲ့ကြောင်းနှင့် ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ထားရှိမှုကိုလည်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

၂၀၁၂ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့
ဧပြီလ (၇) ရက်နေ့

သက်ကြီးသူတို့ကျန်းမာဖို့ လူမှုဘဝမြှင့်တင်စို့

World Health Day 2012
7 April
Ageing and Health
''Good health adds life to years''

ကျန်းမာရေးဝန်ကြီးဌာန

တစ်ပြည်လုံး၌ နေ့အပူချိန်များလျော့နည်းနိုင်

နေပြည်တော် ဧပြီ ၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် နေ့အပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊တန်ခူးလဆန်း ၁၄ ရက်
(အဖိတ်နေ့)
၅-၄-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၅၀	သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈း၀၅	**ကြိုဆိုလျက်ပါ**

ညပိုင်း

၄း၄၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (မြန်မာ့ရေးရာ)
၅း၃၀	သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
၇း၃၀	ခါသကြိန်အဆိုအကများ
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်းများ မိုးလေဝသအခြေအနေ **အစာလည်းဆေး၊ ဆေးလည်းအစာ**

စာအုပ်စာပေ လူ့မိတ်ဆွေ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကြံပေးအဖွဲ့များနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံခြားငွေ လဲလှယ်နှုန်းပြောင်းလဲကျင့်သုံးပြီး သုံးသပ်ဆွေးနွေး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အကြံပြုဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဧပြီ ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းထုတ်ပြန်ပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အကြံပြုတင်ပြနိုင်ရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကြံပေးအဖွဲ့များနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက် အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာ၌ ယခု အစိုးရသစ်လက်ထက်တွင် နိုင်ငံခြားသုံးငွေလဲလှယ်နှုန်း ပေါင်းစည်းရေးကို စတင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ် ဒုတိယနှစ်ဝက်ကစပြီး အစိုးရသစ်မှ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များအရလည်းကောင်း၊ တည်ငြိမ်သည့် ငွေလဲလှယ်နှုန်းတစ်ရပ် လိုအပ်ချက်အရ လည်းကောင်း၊ အာဆီယံကတိကဝတ်အရ IMF Article VIII အဖွဲ့ဝင်နိုင်ငံ ဖြစ်လာစေရန်အတွက်လည်းကောင်း အမျိုးမျိုးဖြစ်ပေါ်နေသည့် ငွေလဲလှယ်နှုန်းစနစ်ကို ဖယ်ရှားပြီး နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရန်အတွက် လက်ရှိစနစ်အစား ဈေးကွက်ကို အခြေခံသည့် ထိန်းကျောင်းမှုရှိသော နှုန်းရှင် ငွေလဲလှယ်နှုန်းစနစ် (Managed Floating Exchange Rate Regime) ကို ၁-၄-၂၀၁၂ ရက်ကစပြီး ကျင့်သုံးနေပြီ ဖြစ်ကြောင်း။

ငွေလဲလှယ်နှုန်း တရားဝင်မပြောင်းလဲမီကတည်းက တချို့သော နိုင်ငံခြားသုံးငွေပေးချေမှုဆိုင်ရာ ကန့်သတ်ချက်များကို ဖယ်ရှားပေးခဲ့ပြီဖြစ်ကြောင်း၊ ယခုပြောင်းလဲကျင့်သုံးသည့် စနစ်အရ ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်း (Reference Foreign Exchange Rate) ကို ဗဟိုဘဏ်က နေ့စဉ်ထုတ်ပြန်ပေးနေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ ရည်ညွှန်းနှုန်းကို တွက်ချက်သည့်နေရာတွင် ကုန်သွယ်ဖက် နိုင်ငံများ၏ ငွေကြေးများနှင့် ပြည်တွင်းဈေးကွက်၌ ဖြစ်ပေါ်နေသည့် အခြေအနေကို မူတည်တွက်ချက်သည့်အတွက် ကုန်သွယ်ဖက်နိုင်ငံများ၏ ငွေကြေးပြောင်းလဲမှုသည် ၎င်းနိုင်ငံ၏ စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးအခြေအနေအပေါ် မူတည်ပြောင်းလဲနေမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ ငွေကြေးတန်ဖိုးပြောင်းလဲမှုကြောင့် မိမိတို့နိုင်ငံ၏ ငွေလဲလှယ်နှုန်းအပေါ် ပြောင်းလဲသက်ရောက်နိုင်မှု၊ ထိုမှတစ်ဆင့် မြန်မာနိုင်ငံ၏ စီးပွားရေး၊ ငွေကြေးမူဝါဒများအပေါ် သက်ရောက်နိုင်မှုတို့ကို အမြဲမပြတ်စောင့်ကြည့်လေ့လာရန်လိုအပ်ကြောင်း။

ငွေကြေးမူဝါဒနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အတိုးနှုန်းကို လျှော့ချပေးခဲ့ပြီးဖြစ်သကဲ့သို့ ၂၀၁၂-၂၀၁၃ ဘတ်ဂျက်တွင်လည်း ဝန်ကြီးဌာနများ၏ နိုင်ငံခြားငွေအရ အသုံးလျာထားချက်ကို ဈေးကွက်လဲလှယ်နှုန်းနှင့် လိုက်လျောညီထွေဖြစ်စေမည့် ခန့်မှန်းနှုန်းတစ်ရပ်နှင့် ရေးဆွဲပြီးဖြစ်ကြောင်း၊ အကြံပေးအဖွဲ့ဝင်များအနေဖြင့်လည်း ယခုအစည်းအဝေး၌ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲကျင့်သုံးပြီးနောက် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို လက်ရှိအခြေအနေအပေါ်တွင် အခြေခံ၍ သုံးသပ်ဆွေးနွေးပေးရန်နှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အကြံပြု တင်ပြပေးရန် ပြောကြားလိုကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော အကြံပေးအဖွဲ့ဝင်များက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုချက်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး ကျင်းပပြီးစီး

နေပြည်တော် ဧပြီ ၄

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၂) စတုတ္ထနေ့ကို ဧပြီ ၃ ရက် နံနက် ၁၀ နာရီတွင်ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၄၁ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်း ၁၃ ခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခု ဆွေးနွေးခြင်း၊ ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း၊ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်၏ အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်း၍ လွှတ်တော်သို့မိန့်ခွန်းပြောကြားခြင်း၊ မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း၊ ရခိုင်ပြည်နယ်၏ အလံတံဆိပ်နှင့် ရိုးရာဝတ်စုံ ဆန်းစစ်ရေးအဖွဲ့ဖွဲ့စည်းခြင်းများကို ဆောင်ရွက်ပြီး လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၂) မွန်းလွဲ ၂ နာရီ ၇မိနစ်တွင် ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

မတ် ၂၄ ရက်က လှိုင်မြို့နယ် ဓမ္မရက္ခိတ ဖြူးမဟာစည်ရိပ်သာတွင် (၈) ကြိမ်မြောက် ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးမှုသင်တန်း ဖွင့်ပွဲကျင်းပရာ မြို့နယ်သာသနာ နုဂ္ဂဟအသင်းဥက္ကဋ္ဌ သီဟသုဓမ္မဏိဇောတဓရ ဦးခင်လှက ကျောင်းအကျိုးတော်ဆောင် ဦးဘဝင်းထံ စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။ (၁၂၂)

ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော ဟောပြောပွဲကို ဧပြီ ၇ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် (၂၉) ရှိ UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ ဟောပြောပွဲတွင် စာရေးဆရာမောင်ဝံသမှ "ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းနှင့် စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍ" "Democratic Society and the Role of the Fourth Estate" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲအခမ်းအနားသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

အသိပညာပေးဟောပြော

မတ် ၃၀ ရက်က ဒိုက်ဦးမြို့ ဖအောင်ဝဲရပ်ကွက် မန္တလေးအထက် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူးပြီး မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်အုန်းက မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောစဉ်။ (မြန်မာ့အလင်း)

မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို မတ် ၃၁ ရက်က အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက် အလက(၈)၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိန်လင်းသိန်းက ဆောင်ရွက်ပြီးစီးသော နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၆၅ ကတ်ကို ပြည်သူတစ်ဦးချင်းထံသို့ ပေးအပ်စဉ်။ (မြန်မာ့အလင်း)

မော်လမြိုင်ကျွန်းမြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

မော်လမြိုင်ကျွန်း ဧပြီ ၄

ဆွစ်ဇာလန်နိုင်ငံ ဆွစ်ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SDC) မှဆောက်လုပ်လှူဒါန်းသော ငွေကျပ်သိန်း ၁၈၀၀ တန် မော်လမြိုင်ကျွန်းမြို့နယ် ထန်းလျှက်ချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ဆိုင်ကလုန်းရှဲလ်တာအဆင့်ရှိ စကူးရှဲလ်တာ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီက ကျောင်းဆောင်သစ်ရှေ့မျက်နှာစာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မော်လမြိုင်ကျွန်းမြို့နယ်ပညာရေးဌာန မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမျိုးဝင်းဆွေ၊ မဲဇလီဦးတိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နှင့် ဆွစ်ဖွံ့ဖြိုးရေး SDC ကိုယ်စားလှယ်မစ္စတာဖရန့်စ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ပညာရေးဌာန ကျောင်းအုပ်စု အဖွဲ့ခေါင်းဆောင် ဆရာဦးဟန်မြင့်နှင့် ထန်းလျှက်ချောင်းကျေးရွာ မူလတန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တိုးတိုးဝင်းတို့က ကျောင်းဆောင်သစ် ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ရှင်းလင်း တင်ပြကြသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ၉၆ ပေ၊ အနံ ၃၂ ပေ၊ အမြင့် ပေ ၃၀ ရှိသော ဆိုင်ကလုန်းရှဲလ်တာ အမျိုးအစား ကျောင်းဆောင်သစ်ဖြစ်ကြောင်း သိရှိရသည်။ **(ဝဇ၅)**

သင်္ကြန်ပိတ်ရက်ကာလ ကားဂိတ်များ၌ ဝန်ထမ်းများအတွက် အပိုခုံနေရာများ စီစဉ်ပေးထား

ရန်ကုန် ဧပြီ ၄

သင်္ကြန်နီးကပ်လာချိန် ရက်များ အတွင်း နိုင်ငံ့ဝန်ထမ်းများ အရေးပေါ် သွားလာမှုလွယ်ကူစေရန်အတွက် အဝေး ပြေးကားဂိတ်များ၌ အပိုခုံများ ချန်ထား မည်ဖြစ်ကြောင်း အောင်မင်္ဂလာအဝေးပြေး ဂိတ် စည်ပင်ဌာနမှ သိရှိရသည်။

"ကားဂိတ်တွေမှာ အရေးပေါ်ဝယ် ရမယ်ဆိုရင် ဝန်ထမ်းတွေအတွက် မဖြစ် မနေရောင်းပေးဖို့အတွက် ခုံရှစ်ခုံချန် ထားပေးဖို့ ညွှန်ကြားထားပါတယ်။ သင်္ကြန်တွင်းထွက်တဲ့ ကားအရေအတွက် နည်းပေမယ့် သင်္ကြန်တွင်းရော၊ သင်္ကြန် မတိုင်မီရော ထွက်တဲ့ကားတွေ ပြည်သူ့ ဝန်ထမ်းတွေအတွက် ခုံနေရာချန်ခိုင်းထား တာပါ။

"ဝန်ထမ်းတွေအရေးပေါ် သွားလာရ လွယ်ကူအောင် စီစဉ်ပေးထားတာ ဖြစ် ပါတယ်။ တကယ်လို့ ဝန်ထမ်းတွေ အသွားအလာ မရှိတော့ဘူး ဆိုရင်တော့ ခရီးသွားတွေကို ဆက်လက်ပြီးရောင်းပေး သွားနိုင်ပါတယ်။ ဧပြီ ၁၁ ရက်အထိ အဝေးပြေးကားတွေက ပုံမှန်အတိုင်း ပြေးဆွဲပေးသွားမယ်။ လက်မှတ်ဈေးနှုန်း တွေကိုလည်း မြင့်တက်မှုမဖြစ်စေဖို့ သတိပေးချက်တွေကို အဝေးပြေးယာဉ် လိုင်းတွေဆီ ထုတ်ပြန်ပေးထားတယ်" ဟု အဆိုပါဌာနမှ တာဝန်ရှိသူက ရှင်းပြ သည်။

ယခုနှစ်သင်္ကြန်ပိတ်ရက်များအတွင်း လက်ရှိအခြေအနေအရ အဝေးပြေး ယာဉ်လိုင်းများ များပြားလာခြင်းနှင့် ယာဉ်အခေါက်ရေများ တိုးမြှင့်ပြေးဆွဲပေး နေခြင်းတို့ကြောင့် ယမန်နှစ်များကဲ့သို့ လက်မှတ်ဝယ်ယူရန် ခက်ခဲသည့်ပြဿနာ များနှင့် ကြုံတွေ့ရမှုများ နည်းပါးနိုင် ကြောင်း အဝေးပြေးယာဉ်လိုင်းများက ခန့်မှန်းကြသည်။ **ခင်လေးမြင့်အောင်**

ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ် ၂၅ ရက်က ကျင်းပရာ ခရိုင် အုပ်ချုပ်ရေးမှူး ဦးရန်လင်း အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူစိုးနှင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

ထန်းတပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ဆန်နှင့်ဝတ်စုံစရိတ်ထောက်ပံ့

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၃ ရက်က အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရုံးဝန်ထမ်းများအား တစ်နှစ် စာဆန်နှင့် ဝတ်စုံစရိတ်ထောက်ပံ့ပေး အပ်ပွဲအခမ်းအနားကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက ဝန်ထမ်းများ အတွက် ထောက်ပံ့ငွေကျပ် ၁၅ သိန်း နှစ်သောင်းကို ရုံးအုပ်ဒေါ်ခင်ခင်ဝင်းထံသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)**

(ဝ၄၈)

ဝေလငါးကြီး ပင်လယ်ပြင်တွင် သေဆုံးလျက် မျောပါလာ

နေပြည်တော် ဧပြီ ၄

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပြင်ဘုကြီး၊ ပြင်ဘုငယ်ဒေသ ပင်လယ်ပြင် တွင် အလျားပေ ၄၀ ခန့်၊ လုံးပတ် ၁၅ ပေခန့်ရှိ ဝေလငါးအသေတစ်ကောင်မျောပါ လာကြောင်း သတင်းရရှိသဖြင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာညွန့်ဝေသည် ပုလောမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းသန်းနှင့်အတူ မတ် ၁၉ ရက်က သွားရောက်စစ်ဆေးခဲ့ပြီး အဆိုပါဝေလငါးအား တိုင်းတာစစ်ဆေး ခြင်း၊ အနီးပတ်ဝန်းကျင် ကျေးရွာများရှိ ပြည်သူများ အနံ့အသက်နှင့် ကျန်းမာရေး မထိခိုက်စေရန် နေရာရွှေ့ပြောင်းခြင်း၊ ကျင်းတူးမြေမြှုပ်၍ ဝေလငါးအရိုးစုရရှိစေရေး ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်အောင်ထိန်းသိမ်းခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

ယခုတစ်ပတ် ရုပ်ရှင်ကားသစ်များရုံမဝင် ချစ်တယ်ပြောမှလွှတ်မယ် ဇာတ်ကားဆက်လက်ပြသ

ရန်ကုန် ဧပြီ ၄

ယခုတစ်ပတ်ရန်ကုန်မြို့လယ်ရုပ်ရှင် ရုံများတွင် ဇာတ်ကားသစ်များ ရုံမဝင် ဘဲ သမ္မတ၊ သွင်နှင့် မင်္ဂလာရုပ်ရှင်ရုံ များတွင် **ချစ်တယ်ပြောမှလွှတ်မယ်** မြန်မာဇာတ်ကား ဆက်လက်အောင်ပွဲခံ ပြသလျက်ရှိသည်။ ထိုဇာတ်ကားတွင် နေတိုး၊ ဝေဠုကျော်၊ ရန်အောင်၊ သက်မွန်မြင့်၊ စိုးမြတ်နန္ဒာ၊ မို့မို့မြင့် အောင်၊ မေသဥ္ဇာဦးနှင့် ဟာသသရုပ် ဆောင်ပေါင်းများစွာ ပါဝင်ထားကြ သည်။ **(အောက်ပုံ)**

ရန်ကုန်မြို့လယ် ရွှေ့ဆောင် ရုပ်ရှင်ရုံတွင်မူ ဒါရိုက်တာ Andrew Stanton ရိုက်ကူးပြီး Taylor Kitsch နှင့် Lynn Collins တို့ ပါဝင်သရုပ် ဆောင်ထားကြသည့် John CARTER ဇာတ်ကားဆက်လက်ပြသလျက် ရှိပြီး နေပြည်တော်ရုပ်ရှင်ရုံတွင် ဒါရိုက်တာ Baltasaar Kormakur ရိုက်ကူးပြီး Mark Wahlberg နှင့် Ben Foster တို့ ပါဝင်သရုပ်ဆောင်ထားကြသည့် CONTRABAND ဇာတ်ကား ဆက်လက် ရုံတင်ပြသလျက်ရှိကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၄

ပညာ့ဗိမာန်စာကြည့်တိုက်ဖွင့်

မကွေးခရိုင် နတ်မောက်မြို့နယ် မယ်ဇလီပင်ကျေးရွာအုပ်စု အုတ်ရှစ် မြှောင်ကျေးရွာ ပညာ့ဗိမာန်စာကြည့် တိုက်ဖွင့်ပွဲအခမ်းအနားနှင့် စာဖတ်ရှိန် မြှင့်တင်ရေးဟောပြောပွဲ၊ စာအုပ်လှူဒါန်း ပွဲ၊ အလှူငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၁၁ ရက် နံနက် ၉ နာရီက ကျင်းပရာ မကွေးခရိုင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိ ဦးသန်းဌေး၊ မြို့နယ်အုပ် ချုပ်ရေးမှူး ဦးသန်းကိုနှင့် စာကြည့် တိုက်ကော်မတီဥက္ကဋ္ဌ ဦးဘိုချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ် ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးအရာရှိက စာကြည့် တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်း စဉ်များကို ဆွေးနွေးမှာကြားကာ စာကြည့် တိုက်ကော်မတီဥက္ကဋ္ဌ ဦးဘိုချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြား သည်။

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စာအုပ် စာစောင် ၂၅၀ နှင့် အလှူငွေကျပ် ၄၅၀၀၀၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဂျာနယ်စောင်ရေ ၁၀၀၊ မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာခင်က ဂျာနယ်၊ မဂ္ဂဇင်းအုပ်ရေ ၁၀၀ လှူဒါန်းကြသည်။ အဆိုပါစာကြည့် တိုက်ကို နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာ ပြည်သူ ထည့်ဝင်ငွေများဖြင့် ဆောက်လုပ် ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပညာ့အလင်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေး မြို့နယ် ထော်သိုကျေးရွာအုပ်စု အလံအုပ် ကျေးရွာတွင် ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာ စောင်ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၃ ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးသန်းကျော်၊ မြို့နယ်အုပ်ချုပ်ရေး မှူးဦးသန်းဇော်ဟန်၊ မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး မှူးဦးသက်ဦး၊ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။ ***(ဝဲပုံ)***

ထို့နောက် မြန်မာနိုင်ငံစာကြည့် တိုက်များဖောင်ဒေးရှင်းမှ စာအုပ် စာစောင် ၂၀၀ ၊ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့က စာကြည့်တိုက်ရန်ပုံငွေ အတွက် ငွေကျပ် တစ်သောင်း၊ ဦးအောင်စိုးက စာကြည့်တိုက်ဆောက် လုပ်ရန် အလှူငွေကျပ်ငါးသောင်းနှင့် ရေဒီယိုတစ်လုံးကို ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်မြေအလှူရှင် ဦးမြသောင်း နှင့် ဇနီးဒေါ်ခင်ဌေးရီတို့က စာကြည့် တိုက်မြေနှင့် ပတ်သက်သော စာရွက် စာတမ်းများကို ပေးအပ်ရာ တာဝန်ရှိ သူများက လက်ခံယူကြကြောင်း သိရှိ ရသည်။ ***(မြန်မာ့အလင်း)***

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိ ပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာ ရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလို ပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

နိုင်ငံတကာအာကာသသိပ္ပံ နိုင်ငံတကာအာကာသသိပ္ပံ နိုင်ငံတကာအာကာသသိပ္ပံ နိုင်ငံတကာအာကာသသိပ္ပံ

မောင်မောင်မြင့်ဆွေ - ရေးသားသည်

အနာဂတ်အာကာသယာဉ်နှင့် ဒုံးပျံများ၌ နျူကလီးယားစွမ်းအင်သုံးစွဲရန် စီစဉ်နေ

မော်စကို ဧပြီ ၄

အနာဂတ်အာကာသခရီးစဉ်တွေကို စေလွှတ်မယ့် ဒုံးပျံတွေနဲ့ အာကာသယာဉ်တွေမှာ နျူကလီးယားစွမ်းအင် အသုံးပြုနိုင်ဖို့အတွက် ရုရှားသိပ္ပံပညာရှင်တွေက စမ်းသပ်မှုတွေ စတင်ပြုလုပ်ဖို့ စီစဉ်နေပြီဖြစ်ပါတယ်။ (အောက်ပုံ)

ဒီလိုစမ်းသပ်မှုကို ရုရှားနိုင်ငံ စကိုလ်ကိုဗို အာကာသရေးရာဌာနက ဆောင်ရွက်နေပြီဖြစ်ပြီး နျူကလီးယားစွမ်းအင်သုံးအာကာသယာဉ်နဲ့ ဒုံးပျံအင်ဂျင်တွေကိုလည်း စမ်းသပ်ထုတ်လုပ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီစီမံကိန်းရဲ့ ပထမအစီအစဉ်အဖြစ် နျူကလီးယားစွမ်းအင်သုံး အင်ဂျင်ဒီဇိုင်းတွေနဲ့ ထုတ်လုပ်ဖို့ စတင်စီစဉ်နေပြီဖြစ်ပါတယ်။

အာကာသယာဉ်နဲ့ ဒုံးပျံတွေမှာ နျူကလီးယားနည်းပညာတွေ အသုံးပြုနိုင်ခဲ့ရင် အလွန်မြန်ဆန်တဲ့ အာကာသခရီးစဉ်တွေ ထွက်ပေါ်လာမှာ ဖြစ်တယ်လို့ စကိုလ်ကိုဗို အာကာသရေးရာဌာန အကြီးအကဲဒင်းနစ်ကိုဗာလီဗစ်က ပြောပြပါတယ်။

နျူကလီးယားစွမ်းအင်ကို အသုံးပြုမယ့် အာကာသယာဉ်အင်ဂျင်တွေကို လာမယ့် ၂၀၁၄ ခုနှစ်မှာ စမ်းသပ်ပျံသန်းစေပြီး ၂၀၁၇ ခုနှစ် အာကာသခရီးစဉ်တွေမှာ စတင်အသုံးပြုနိုင်မယ်လို့ ဒင်းနစ်ကိုဗာလီဗစ်က ပြောကြားနေပါတယ်။ ဒီစီမံကိန်းကို အကောင်အထည်ဖော်ဖို့ ရုရှားအာကာသအေဂျင်စီက အမေရိကန်ဒေါ်လာ ၂၇ သန်းအကုန်အကျခံပေးမှာဖြစ်ပါတယ်။

ဒါကြောင့် ရုရှားနိုင်ငံရဲ့ ပရိုတွန်နဲ့ အင်ဂါရာအာကာသဒုံးပျံတွေရဲ့ အင်ဂျင်တွေမှာ နျူကလီးယားစွမ်းအင်တွေ အစားထိုးအသုံးပြုတော့မှာဖြစ်ပါတယ်။

(အင်တာနက်)

လေ့လာရေးယာဉ် ကာရီရိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်ရှိ အကြီးဆုံးတောင်ကုန်းအား လေ့လာမည်

ဝါရှင်တန် ဧပြီ ၄

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်ရှိ အရွယ်အစားကြီးမားသော တောင်ကုန်းကြီးပေါ်သို့ နာဆာ၏ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် ကာရီရိုစီတီသည် လာမည့် ဩဂုတ်လ၌ သွားရောက်လေ့လာမည်ဖြစ်ကြောင်း နာဆာမှ သတင်းထုတ်ပြန်သည်။

ကာရီရိုစီတီလေ့လာရေးယာဉ်သည် လောလောဆယ်၌ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ရောက်ရှိနေပြီး ဘို့ရှ်တ်ဟု အမည်ပေးထားသော တောင်ကုန်းကို လေ့လာသုတေသနပြုလျက်ရှိသည်။ ၎င်းတောင်ကုန်းသည် ၂၀၀၄ ခုနှစ်က ကွယ်လွန်ခဲ့သော ဘူမိဗေဒနှင့် အာကာသသိပ္ပံပညာရှင် ရောဘတ်ရှိတ်ကို ဂုဏ်ပြုကာ အမည်ပေးထားခြင်းဖြစ်သည်။

အလေးချိန်တစ်တန်ရှိသော ကာရီရိုစီတီလေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်ကို လေ့လာရန် နာဆာက အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ အကုန်အကျခံကာ စီမံကိန်းချမှတ်စေလွှတ်ထားခြင်းဖြစ်သည်။

လောလောဆယ် လေ့လာနေသော အင်္ဂါဂြိုဟ်မျက်နှာပြင်ရှိ တောင်ကုန်းထိပ်ဝ၌ မီးတောင်ထိပ်ဝတစ်ခုရှိကြောင်း၊ ယင်းကို အသေးစိတ် လေ့လာသုတေသနပြုလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)



ရုရှားအာကာသယာဉ်မှူးများ ကမ္ဘာမြေသို့ ပြန်ဆင်းမည်

မော်စကို ဧပြီ ၄

နိုင်ငံတကာ အာကာသယာဉ်စခန်းပေါ်မှာ ရောက်ရှိနေတဲ့ ရုရှားအာကာသယာဉ်မှူးတွေ (အပေါ်ပုံ)ဟာ လာမယ့်ဧပြီ ၂၇ ရက်မှာ ကမ္ဘာမြေကို ပြန်လည်ဆင်းသက်လာတော့မှာဖြစ်တယ်လို့ ရုရှားအာကာသအေဂျင်စီက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဒီလိုကမ္ဘာမြေကို ပြန်ဆင်းဖို့အတွက် နိုင်ငံတကာအာကာသယာဉ်စခန်းပေါ်မှာ ရှိနေတဲ့ အခြားအာကာသယာဉ်မှူးတွေနဲ့လည်း သဘောတူညီမှုရရှိခဲ့ပြီး ဖြစ်တယ်လို့ ဆိုပါတယ်။ ကမ္ဘာမြေကို ပြန်ဆင်းတဲ့အခါ နိုင်ငံတကာအာကာသယာဉ်စခန်းမှာ ချိတ်ဆက်ထားတဲ့ ဆိုယုဇ်တီအမ်အေ-၂၂ အာကာသယာဉ်နဲ့ ပြန်လည်ဆင်းသက်မှာ ဖြစ်ပါတယ်။

ကမ္ဘာမြေကို ပြန်ဆင်းမယ့် အာကာသယာဉ်မှူးတွေကတော့ ရုရှားအာကာသယာဉ်မှူးနှစ်ဦးဖြစ်တဲ့ အင်တန်ရှကက်လီရော့ဗ်နှင့် အနာတိုလီအိုင်ဗင်နစ်ရှန်၊ နာဆာအာကာသယာဉ်မှူး ဒန်ဘာဘန့်တို့ဖြစ်ပါတယ်။ သူတို့ဟာ ပြီးခဲ့တဲ့ မတ် ၁၆ ရက် ကတည်းက မြေပြင်ကို ပြန်လည်ဆင်းသက်ဖို့ သတ်မှတ်ပေးထားတဲ့ ဆိုယုဇ်တီအမ်အေ-၂၂ အာကာသယာဉ်မှာ လေစိမ့်ပေါက်တွေ့ရှိလို့ အချိန်တစ်လခန့် နှောင့်နှေးကြန့်ကြာခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီအာကာသယာဉ်မှူးတွေ မြေပြင်ကို ပြန်ဆင်းပေမယ့် နိုင်ငံတကာအာကာသယာဉ်စခန်းပေါ်မှာ ရုရှားအာကာသယာဉ်မှူး အင်ဒရီကူရီပါးစ်၊ နာဆာအာကာသယာဉ်မှူး ဒေါ်လ်နယ်ပက်တစ်တို့နှစ်ဦးဟာ မေလမတိုင်မီအထိ ရှိနေဦးမှာဖြစ်ပါတယ်။

အဲဒီအာကာသယာဉ်မှူးတွေဟာ လာမယ့် မေ ၁၅ ရက်မှာ နိုင်ငံတကာအာကာသယာဉ်စခန်းကို လာရောက်မယ့် ရုရှားအာကာသယာဉ်မှူး ဂျန်နာဒီပါဒယ်ကာနဲ့ ဆာဂျီရီဗင်၊ နာဆာအာကာသယာဉ်မှူး ဂျို့အကာဘာတို့နဲ့ တာဝန်လဲလှယ်ပြီးမှ ကမ္ဘာမြေကို ပြန်လည်ဆင်းသက်မှာဖြစ်ပါတယ်။

(အင်တာနက်)

အိုင်တီနည်းပညာ အိုင်တီနည်းပညာ အိုင်တီနည်းပညာ အိုင်တီနည်းပညာ

လူကြိုက်အများဆုံး iPad

ဆန်ဖရန်စစ္စကို ဧပြီ ၄

အက်ပဲလ်ကုမ္ပဏီက ထုတ်လုပ်လိုက်သည့်အိုင်ပက် (iPad)အမျိုးအစားသစ်သည် ကမ္ဘာ့ဈေးကွက်တွင် လူကြိုက်အများဆုံးနှင့် ရောင်းအားအကောင်းဆုံး အိုင်ပက်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက ဧပြီ ၃ ရက်တွင် ကြေညာသည်။ (ယာပုံ)

အဆိုပါ iPad သည် စက္ကရင်ဖန်သားပြင်ကျယ်ဝန်းမှုနှင့် လှပသေသပ်မှုတို့ကြောင့် အသုံးပြုသူများ အထူးနှစ်ခြိုက်စေကြောင်း၊ ဗီဒီယိုဂိမ်းကစားရာတွင် အများဆုံးအသုံးပြုကြကြောင်း အက်ပဲလ်ကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ယင်း ipad သည် ကြာရှည်စွာအသုံးပြုလျှင် အပူဓာတ်ထုတ်လွှတ်မှုများရှိသော်လည်း အသုံးပြုသူများလာသည်ဟု ဆိုသည်။ ၎င်း ipad သည် ၄၅ မိနစ်အသုံးပြုပြီးလျှင် အပူချိန် ၁၁၆ ဒီဂရီဖာရင်ဟိုက် (၄၇ ဆဲလ်ဆီးရပ်စ်)အထိ ရောက်နိုင်သည်ဟု ဆိုသည်။ တတိယမျိုးဆက်ဟုအမည်ပေးထားသည့် အဆိုပါ ipad သည် ပြီးခဲ့သည့်လက ကမ္ဘာတစ်ဝန်းရောင်းချမှုမှာ အလုံးရေသုံးသန်းကျော်ရောင်းချရသည်။ ၎င်း ipad သည် ဗီဒီယိုဂိမ်းကစားနေစဉ်အတွင်း ဘက်ထရီအားမသွင်းသင့်ကြောင်း သတိပေးထားသည်။ ယင်း ipad မှာ ယခင်ကထုတ်လုပ်ခဲ့သည့် ipad 2 ထက် အပူချိန် ၁၃ ဒီဂရီဖာရင်ဟိုက်ပို၍ပူသည်။ (အင်တာနက်)

Smartphone ခေတ်သို့ရောက်ပြီ

ဝါရှင်တန် ဧပြီ ၄

စမတ်ဖုန်း (Smartphone) များသည် အမေရိကန်နိုင်ငံတွင် မိုဘိုင်းလ်ဖုန်းဝယ်ယူသူများအား ဆွဲဆောင်မှုအားအကောင်းဆုံး ဖြစ်လာကြောင်း ဧပြီ ၃ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ (ဝဲပုံ)

အမေရိကန်နိုင်ငံတွင် စမတ်ဖုန်းပိုင်ဆိုင်သူဦးရေသည် မိုဘိုင်းလ်ဖုန်းသုံးစွဲသူအားလုံး၏ ၄၉ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလမှ စတင်ကာ မတ်လကုန်အထိ စမတ်ဖုန်းဝယ်ယူသုံးစွဲသူ ၃၈ ရာခိုင်နှုန်းတိုးလာသည်ဟု ဆိုသည်။

စမတ်ဖုန်းများသည် ကမ္ဘာ့ဈေးကွက်သို့ လျင်မြန်စွာထိုးဖောက်လာသည်။ ကမ္ဘာတစ်ဝန်း မိုဘိုင်းလ်ဖုန်း တင်ပို့ရောင်းချမှုသည် ယခုနှစ် ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၇ ဘီလီယံရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်အရောက်တွင် ၂ ဒသမ ၂ ဘီလီယံအထိ ရှိလာနိုင်ကြောင်း အေဘီအိုင်ဈေးကွက်သုတေသနအဖွဲ့က ပြောကြားသည်။ စမတ်ဖုန်းများ တင်ပို့ရောင်းချမှုသည် ၂၀၁၂ ခုနှစ်တွင် ၆၄၃ သန်းရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်အရောက်၌ ၁ ဒသမ ၁ ဘီလီယံအထိရောက်ရှိနိုင်ကြောင်းလည်း ၎င်းဈေးကွက်သုတေသနအဖွဲ့က ပြောကြားသည်။ (အင်တာနက်)

ပင်နာဆိုးနစ်ဟမ်းဆက်များ ပြည်ပနိုင်ငံများ၌ ထုတ်လုပ်မည်

တိုကျို ဧပြီ ၄

ဂျပန်နိုင်ငံ၏ ထိပ်တန်းဟမ်းဆက်ထုတ်လုပ်သည့် ကုမ္ပဏီကြီးတစ်ခုဖြစ်သော ပင်နာဆိုးနစ်ကုမ္ပဏီက မိုဘိုင်းလ်ဖုန်း ဟမ်းဆက်ထုတ်လုပ်မှုအားလုံးကို ယခုနှစ် နွေရာသီထက် စောနိုင်သမျှစော၍ ပြည်ပနိုင်ငံများတွင် အခြေစိုက်ထုတ်လုပ်သွားရန် စဉ်းစားနေကြောင်း ဧပြီ ၃ ရက်က သတင်းဖော်ပြသည်။

ပင်နာဆိုးနစ်ကုမ္ပဏီသည် ဂျပန်နိုင်ငံ ရှီဇူအိုကာစီရင်စု အလယ်ပိုင်းရှိ စက်ရုံ၌ ဟမ်းဆက်များ ထုတ်လုပ်လျက်ရှိရာမှ ရပ်ဆိုင်းပြီး ပြည်ပနိုင်ငံများ၌ အခြေစိုက် ထုတ်လုပ်တော့မည်ဖြစ်ကြောင်း နစ်တိုင်းဒေးလီးတွင် ရေးသားဖော်ပြသည်။ ယင်းစီရင်စုသည် ပင်နာဆိုးနစ်ဟမ်းဆက်အများဆုံး ထုတ်လုပ်ပေးနေသော စက်ရုံဖြစ်သည်။

ပင်နာဆိုးနစ်သည် ဂျပန်နိုင်ငံ၏ တတိယအကြီးဆုံး ဟမ်းဆက်ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သည်။ Sharp နှင့် Fujitsu ကုမ္ပဏီတို့က ဂျပန်နိုင်ငံတွင် ဟမ်းဆက်အများဆုံးထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ရှီဇူအိုကာစက်ရုံမှ လုပ်ငန်းများကို တရုတ်နိုင်ငံ ပေကျင်းနှင့် မလေးရှားနိုင်ငံသို့ ပြောင်းရွှေ့ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိသည်။ (အင်တာနက်)

ဆမ်ဆောင်းချစ်ပြားများ တရုတ်၌ထုတ်လုပ်မည်

ပေကျင်း ဧပြီ ၄

ကမ္ဘာ့အကြီးဆုံး မီမိုရီချစ်ပြားထုတ်လုပ်သည့် ဆမ်ဆောင်းကုမ္ပဏီသည် တရုတ်နိုင်ငံ၌ ချစ်ပြားစက်ရုံ တစ်ရုံ တည်ဆောက်သွားရန် အမေရိကန်ဒေါ်လာ ၇ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဧပြီ ၃ ရက်က သတင်းတွင် ဖော်ပြသည်။ (ဝဲပုံ)



ထုတ်လုပ်

ဆမ်ဆောင်းက အဆိုပါစက်ရုံအတွက် ကနဦးရင်းနှီးမြှုပ်နှံမှုအဖြစ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံရင်းနှီးမြှုပ်နှံလုပ်ကိုင်မည်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ ယင်းချစ်ပြားစက်ရုံမှ စမတ်ဖုန်းများ၊ ကွန်ပျူတာတက်ဘလက်များ (tablets)၊ MP3 Player များ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းစက်ရုံမှ နည်းပညာပစ္စည်းများကို ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ထုတ်လုပ်သွားမည်ဟု ဆမ်ဆောင်းကုမ္ပဏီက ပြောကြားသည်။ (အင်တာနက်)

အာကာကျော်-စုစည်းသည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးမျက်နှာစုံညီအစည်းအဝေးသို့တက်ရောက်

၂၀၁၅ ခုနှစ်တွင် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းအဖြစ် ပေါင်းစည်းထူထောင်ရန် အချိန်နီးကပ်လာ မိမိတို့၏ ပေါင်းစည်းရေးကြိုးပမ်းမှုများ ဆတက်ထမ်းပိုး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ဆွေးနွေးပြောကြား

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champa Room၌ ကျင်းပသည့် အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးမျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်သည်။

အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးမျက်နှာစုံညီ အစည်းအဝေးကို ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champa Room ၌ ကျင်းပစဉ်။ (သတင်းစဉ်)

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှင့်အတူ ဘရူနိုင်းဒါရုဆလမ် နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုကီးယားမူအစ် ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယား နိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတ နိုင်ငံ ဒုတိယသမ္မတ ဒေါက်တာ ဘူဒီအိုနို၊ လာအိုပြည်သူ့ဒီမို ကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊

စာမျက်နှာ ၃ ကော်လံ ၁ ✱

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့ညနေ ၅ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mrs. Tuot Kunthea နှင့် ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

5-4 (20).pmd 1 4/5/2012, 3:36 AM